မြန်မာ့အလင်း

၁၂၉၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၃၀ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၀၉)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် တပ်မတော်အစိုးရအပေါ် အားထားယုံကြည် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေး စိုက်ထူပွဲကျင်းပ

သတင်းအကျယ် – ကျောဖုံး၊ စာမျက်နှာ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁ နှင့် ၁၂

- ❑ တစ်ချိန်ကမှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့စိတ်ဓာတ်နဲ့ သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှ မပါဘဲ ၁၉၇၁ ခုနှစ်မှ စတင်ပြီး နှစ်ပေါင်းများစွာ စွဲကိုင်လာခဲ့တဲ့ လက်နက်ကို နိုင်ငံတော်အစိုးရထံ အပြီးအပိုင် အပ်နှံခြင်းဖြစ်ပါတယ်။

  PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း

- ❑ ဒီနေ့ကျင်းပပြုလုပ်တဲ့ ကျွန်တော်တို့ PSLA အဖွဲ့ရဲ့ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်တဲ့အခမ်းအနားကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ သမိုင်းမှာ မှတ်တိုင်တစ်ခုအဖြစ် ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

  PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်

- ❑ PSLA အဖွဲ့ကဲ့သို့ ကိုင်စွဲထားသောလက်နက်တွေကို ငြိမ်းချမ်းရေးနဲ့အပြီးအပိုင်လဲလှယ်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်နဲ့အမျှ လိုလားတောင့်တနေကြတဲ့ ထာဝရ ငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ် တက်လှမ်းနိုင်ကြပါစေ။

  တအောင်းပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့်

- ❑ နိုင်ငံတော်အစိုးရရဲ့စေတနာနဲ့ပြည်သူလူထုရဲ့ မေတ္တာကို နားလည်ခံယူသောအားဖြင့် ကိုင်စွဲထားကြတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူ့ဖွံ့ဖြိုးရေး အပြောမဟုတ် အလုပ်နဲ့ သက်သေပြရင်း ငြိမ်းချမ်းရေးကို တည်ဆောက်ပေးကြပါ။

  တအောင်းပလောင်တိုင်းရင်းသူ မနန်းမြစိန်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တိုးတက်ရေးကိုနှောင့်ယှက်သူများအား ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ပြတ်ပြတ်သားသားတိုက်ဖျက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားရေးဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို ရည်မှန်းချက်ရှိရှိ ဆောင်ရွက်နိုင်လျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် မျက်မှောက်ကာလတွင် ဆည်မြောင်းတာတမံများ၊ မြစ်ကူးချောင်းကူး တံတားကြီးများ စသည့်နိုင်ငံတော်တည်ဆောက်ရေးအခြေခံအဆောက်အအုံများ တစ်ခုပြီးတစ်ခု တိုးပွားဖြစ်ထွန်းလာနေသည် ကို အထင်အရှားမြင်တွေ့နေရပေသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန် မှန်ကန်သော မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ပြည်သူများအားလုံးနှင့် ညီညီညွတ်ညွတ် ပူးပေါင်းအားထုတ် ဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ တပ်မတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး အမျိုးသားရေးဦးတည်ချက်(၁၂)ရပ်နှင့်အညီ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာစေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ဖျက်လိုဖျက်ဆီး လုပ်ဆောင်လျက်ရှိကြသည့် အဖျက်အမှောင့်အုပ်စုများ ပေါ်ပေါက်လာသည်ကိုလည်း တွေ့မြင်နေရပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီလ၂၆ရက်နေ့က ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင်-

"နိုင်ငံတော် စည်းလုံးညီညွတ်ရေးပြိုကွဲစေရန် ရည်ရွယ်လျက် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တစ်မျိုးပြီးတစ်မျိုး ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူအားလုံးက ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ်တိုက်ဖျက်သွားရမှာ ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

ယနေ့ကာလတွင် ဒို့တာဝန်အရေးသုံးပါးကို ဆန့်ကျင်ပြီး ပြည်ပတပည့်၊ ပြည်ပလက်ကိုင်တုတ် အစေအပါးအဖွဲ့များဖွဲ့စည်းကာ နိုင်ငံတော်ကို ဖျက်ဆီးမည့်သူများသည် ပုံသဏ္ဌာန်အမျိုးမျိုး၊ နည်းလမ်းအဖုံဖုံဖြင့် ကြံစည် နှောင့်ယှက် ဖျက်ဆီးလာကြသည်ကို တွေ့မြင်နေရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်ဖြင့် ပေါင်းစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားများ အစဉ်ထာဝရစည်းလုံးညီညွတ်စေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်ပင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်သွားကြရမည် ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိပါးမှုရှိလာပါကလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့်သာ ခုခံတိုက်ဖျက်သွားကြရမည် ဖြစ်သည်။ ယင်းတာဝန်များသည် ပြည်ထောင်စုသားတိုင်း၏ မွေးရာပါတာဝန်များပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားရေး ရည်မှန်းဆောင်ရွက်ချက်များ အကောင်အထည်ရုပ်လုံးပေါ်လာချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးကို ထိပါးစေမည့် မည်သည့်အနှောင့်အယှက်၊ မည်သည့်အဖျက်လုပ်ရပ်ကိုမဆို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ တိုင်းရင်းသားပြည်သူအားလုံးတို့က ပြတ်ပြတ်သားသား တိုက်ဖျက်သွားကြမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တောင်ကိုရီးယား ကုန်ပစ္စည်းတင်ပို့မှု ၂၀၀၄ခုနှစ်အတွင်း ကမ္ဘာ့ စံချိန်တင်နိုင်ခဲ့

ဆိုးလ် ဧပြီ ၂၈

တောင်ကိုရီးယားနိုင်ငံသည်ကမ္ဘာ့စီးပွားရေးကောင်းမွန်မှု အထောက်အကူဖြင့် ၂၀၀၄ခုနှစ်အတွင်း၌ ကမ္ဘာ့စုစုပေါင်း ကုန်ပစ္စည်းတင်ပို့မှု၏ စံချိန်တင်ကာ ကုန်ပစ္စည်းများ တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်ရေး အသင်းက အင်္ဂါနေ့တွင် ပြောကြားသည်ဟု ယွန်ဟက်သတင်းစာက ရေးသားဖော်ပြသည်။

နိုင်ငံ၏ပင်လယ်ရပ်ခြားသင်္ဘောတင်ပို့မှုပမာဏသည် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့စုစုပေါင်း ကုန်ပစ္စည်းတင်ပို့မှု၏ ၂ဒသမ ၇၈ရာခိုင်နှုန်းရှိကြောင်း ကိုရီးယားနိုင်ငံတကာ ကုန်သွယ်ရေးအသင်း(ကေအိုင်တီအေ)က ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာ့တွင်(၁၂)နိုင်ငံမြောက် အကြီးဆုံးကုန် ပစ္စည်းတင်ပို့သည့် နိုင်ငံဖြစ်သည်။

တောင်ကိုရီးယား၏ တင်သွင်းမှုပမာဏသည် ကမ္ဘာ့စုစုပေါင်းတင်သွင်းမှု၏ ၂ဒသမ ၃၇ ရာခိုင်နှုန်းရှိစဉ်တွင် ၎င်း၏ကုန်သွယ်မှုပမာဏသည် ၂ဒသမ ၅၇ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စာရင်းဇယားများကို ကိုးကား၍ ၎င်းက ဖော်ပြသည်။ တောင်ကိုရီးယားသည် လွန်ခဲ့သည့်နှစ်က ၁၃ နိုင်ငံမြောက် အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ပြီး ကမ္ဘာ၏ (၁၂)နိုင်ငံမြောက် အများဆုံးကုန်သွယ်မှု ပမာဏရှိကြောင်း အသင်းက ပြောကြားသည်။

ကုန်ပစ္စည်းများအား တစ်ကမ္ဘာလုံး ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်က နှစ်စဉ်ကြီးထွားမှုနှုန်း ၂၀ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အကောင်းဘက်သို့ရှေးရှုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု အရှိန်မြှင့်ဆောင်ရွက်ရန် အာဆီယံစီးပွားရေးဝန်ကြီးများ ဗီယက်နမ်တွင် စည်းဝေးဆုံးဖြတ်

ဟာလွန်စီးတီး (ဗီယက်နမ်) ဧပြီ ၂၈

အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များက ၂၀၂၀ပြည့်နှစ်၌ အာဆီယံ စီးပွားရေးအသိုက်အမြုံနှင့် အဓိကပေါင်းဖော်ဖက်များနှင့် လွတ်လပ်သည့်ကုန်သွယ်ရေးဒေသ ထူထောင်ရေးရှေးရှုလျက် စီးပွားရေးပေါင်းစည်းမှုကို အရှိန်မြှင့် ဆောင်ရွက်ရန် အခိုင်အမာ ဆုံးဖြတ်ချက်ချခဲ့ကြသည်။

သဘောတူ

အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအပြင် အာဆီယံအတွင်းရေးမှူးချုပ် အွန်ကင်ယွန်တို့က ဦးစားပေးကဏ္ဍများ ပေါင်းစည်းမှုအတွက် အာဆီယံ အခြေခံသဘောတူညီချက်ကို အကောင်အထည်ဖော်ရာ၌ လွယ်ကူရေးနည်းလမ်းများ ရှာကြံရန်နှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် သဘောတူကြသည်။

ဦးစားပေးကဏ္ဍများတွင် စိုက်ပျိုးရေးအခြေခံထုတ်ကုန်များ၊ လေကြောင်းခရီး၊ မော်တော်ကား၊ အီး-အာဆီယံ၊ အီလက်ထရွန်းနစ်၊ ငါးလုပ်ငန်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ ရော်ဘာအခြေခံထုတ်ကုန်များ၊ အထည်အလိပ်၊ ခရီးသွားလုပ်ငန်းနှင့် သစ်အခြေခံထုတ်ကုန်များ ပါဝင်သည်။

ဦးစားပေးကဏ္ဍ ၁၁ခုတွင် ပေါင်းစည်းမှုကို အကောင်အထည်ဖော်ရန် စီးပွားရေးလုပ်ငန်းများ တိုက်ရိုက်ပါဝင် ဆောင်ရွက်မှုကို မိမိတို့သဘောကျနှစ်လိုကြောင်း ဗီယက်နမ်နိုင်ငံ ဟာလွန်စီးတီး၌ အင်္ဂါနေ့က တစ်ရက်ကြာ ကျင်းပခဲ့သည့် အစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီးက ပြောကြားသည်။

စီးပွားရေးအားဖြင့် ပိုမိုတိုးတက်မှုရှိသော နိုင်ငံများက ၂၀၀၄ခုနှစ်၌ လာအိုနိုင်ငံတွင် ဦးစွာပထမလက်မှတ်ရေးထိုးခဲ့သည့် အခြေခံသဘောတူချက်တွင် ဖော်ပြထားသော စီးပွားရေးပေါင်းစည်းမှုကို ဖြည့်စွမ်းနိုင်ကြောင်း ၂၀၀၆ခုနှစ်နောက်ပိုင်း၌ ကျန်အာဆီယံနိုင်ငံများကလည်း ထိုအတိုင်း လုပ်ဆောင်နိုင်ကြောင်း သူမက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှား၌ ဒေါ်လာ၁၀ဘီလီယံဖိုး တရုတ်ရင်းနှီးမြှုပ်နှံမည်

ဂျကာတာ ဧပြီ ၂၈

တရုတ်နိုင်ငံသည် နှစ်နိုင်ငံရရှိထားသော မဟာဗျူဟာသဘောတူညီချက်သစ်အဖြစ် အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံဖိုးရင်းနှီးမြှုပ်နှံရန် သဘောတူထားကြောင်း စီးပွားရေးညှိနှိုင်းဆောင်ရွက်မှု ဝန်ကြီး အဘူရီဇာဘာကရီက သောကြာနေ့၌ ပြောကြားသည်။

အရှေ့တောင်အာရှ၏ အကြီးမားဆုံး စီးပွားရေး အင်အားကြီးနိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ် တိုးမြှင့်စေမည့် အဆိုပါ သဘောတူချက်တွင် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများ ပါမည်ဖြစ်ကြောင်း အဘူရီဇာက ပြောကြားခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကို ပုဂ္ဂလိက ကဏ္ဍက လုပ်ဆောင်မည် ဖြစ်ပြီး ယခုနှစ်၌ အကောင်အထည်ဖော်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြဝတီရုပ်မြင်သံကြား

၃၀-၄-၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော် **"အာသဝေါတရားလေးပါး"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်၍
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Impact of Agricultural Technology. (ပထဝီဝင်အထူးပြု- ဒုတိယနှစ်)
၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ ᵒEnglish Premier League ဘောလုံးပွဲ Bolton Wonderers Vs Chelsea



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၂)ကြိမ်မြောက် မြန်မာ–ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Pichanmet Muangmanee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Col. Prissapa Suvanatat တို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မနက်ဖြန်ချိန်မဆွဲ

❊ ဒို့တာဝန်အရေးသုံးပါး
အလေးထားလုပ်နေတာ၊
သူ့ပြည်ရွာခိုကပ်ရင်း
သူ့ထမင်းမျက်နှာကြည့်
ကိုယ့်ဇာတိကိုယ်ပြန်
ဖျက်ဆီးရန်သည်အရေး
တွေးကြံဖွဲ့လာ။

❊ ကိုယ့်ဇာတိကိုယ့်ပြည်ရွာ
မြဲမခွာအခြေချကာပ
တိုးတက်ရာစဉ်ကြံဆသူတို့
နှိုးဆွသည့်ပုံသဏ္ဌာန်
ဒေါမာန်နှင့်စုရုံး၊
အဖျက်ရန်မှန်သမျှကိုလ
လက်မခံတူလက်တွဲပါလို့
မနက်ဖြန်ချိန်မဆွဲ
ရဲရဲချေမှုန်း ။ ။

ဖိုးဝ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စိန်သဘာဝဓာတ်ငွေ့မြေ ဖွံ့ဖြိုးရေးစီမံကိန်းကြည့်ရှုစစ်ဆေး ပြည်တွင်းသုံးစွဲရန် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ရယူနိုင်ရေး ဆွေးနွေးမှာကြား

ရန်ကုန် ဧပြီ ၂၉

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ဒေသ ရတနာ သဘာဝဓာတ်ငွေ့မြေရှိ စိန်သဘာဝဓာတ်ငွေ့မြေ ဖွံ့ဖြိုးရေးစီမံကိန်း တူးဖော်ရေးစင်အမှတ်(၃)(Wellhead Platform-3) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသ ရတနာသဘာဝဓာတ်ငွေ့မြေရှိ စိန်သဘာဝဓာတ်ငွေ့မြေ ဖွံ့ဖြိုးရေးစီမံကိန်း တူးဖော်ရေးစင်အမှတ်(၃)(Wellhead Platform-3) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ပေးအပ်ချီးမြှင့်

ရှေးဦးစွာဝန်ကြီးသည် စိန်သဘာဝဓာတ်ငွေ့မြေရှိ ကရိန်းသင်္ဘော Derick Laying Barge (DLB) Kuroshio K-1 ပေါ်သို့ ရောက်ရှိပြီး တွင်းတူးစင်အပြီးသတ် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုတယ်မြန်မာကုမ္ပဏီမှ အထွေထွေမန်နေဂျာ Ms.Martine Valeix နှင့် တာဝန်ရှိသူတို့က လိုက်လံ ရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးသည် တူးဖော်ရေးစင်အမှတ်(၃)၏ ပင်လယ်ကြမ်းပြင်အောက်ခံစင်နှင့်အပေါ်ပိုင်းကိုယ်ထည်တို့ကို ကရိန်းသင်္ဘောဖြင့် အပြီးသတ်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို အနီးကပ် ကြည့်ရှုအားပေးပြီး လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်ချီးမြှင့်သည်။

မေးမြန်းဆွေးနွေး

ယင်းနောက် ဝန်ကြီးက ရတနာသဘာဝဓာတ်ငွေ့မြေရှိ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်ပေါ်သို့ ဆက်လက်သွားရောက်ရာ ထုတ်လုပ်ရေးစင်ရှင်းလင်းဆောင်၌ တိုတယ်မြန်မာကုမ္ပဏီ စီမံကိန်းမန်နေဂျာ Mr. L. Foulhoux က လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက စိန်သဘာဝဓာတ်ငွေ့မြေ တွင်းတူးဖော်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို သတ်မှတ်ရက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွား ကြရန်၊ စိန်သဘာဝဓာတ်ငွေ့မြေမှ တိုးတက်ထုတ် လုပ်နိုင်တော့မည့် သဘာဝဓာတ်ငွေ့ကို သတ်မှတ်ထားသည့် စံချိန် စံညွှန်းအတိုင်း ထုတ်လုပ်ပြီး ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချရန်နှင့် ပြည် တွင်းသုံးစွဲရန်အတွက်သဘာဝဓာတ်ငွေ့ပိုမို တိုးတက်ရယူနိုင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်ချီးမြှင့်သည်။

ထုတ်လုပ်ပို့လွှတ်နိုင်မည်

အဆိုပါ စိန်သဘာဝဓာတ်ငွေ့မြေသည် မုတ္တမကမ်းလွန်ဒေသရတနာသဘာဝဓာတ်ငွေ့မြေ၏ အရှေ့တောင်ဘက် ၁၀ ကီလိုမီတာ အကွာတွင် တည်ရှိပြီး လက်ရှိထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချလျက်ရှိသည့် ရတနာသဘာဝဓာတ်ငွေ့သိုက်နှင့် ဘူမိအနေအထားဆက်စပ်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့ပိုမို တိုးတက်ရောင်းချရန်နှင့် ပြည်တွင်း သုံးစွဲရေးအတွက် ပိုမိုတိုးတက်ရယူရန်တို့ကိုရည်ရွယ်ပြီး စိန်သဘာဝဓာတ်ငွေ့မြေ ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း တူးဖော်ရေးတွင်းနှစ်တွင်းကို တူးဖော်သွားမည်ဖြစ်ပြီး ၂၀၀၆ခုနှစ် နှစ်ဆန်းပိုင်းတွင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ကာယဗလ လေ့ကျင့်နည်းစနစ်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်သူ့အင်အားဦးစီးဌာန အကြောင်းသိကောင်းစရာ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	သတင်းကောင်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	မိုးလေဝသခန့်မှန်းချက်
၈း၁၅	ဝါသနာရှင်စင်မြင့်
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	Say It In English
၉း၁၅	ဖိနပ်စက်ရုံ (ကျောက်ဆည်)
၉း၂၅	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ကျေးပင်အက်ရေလှောင်တမံ
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	ဘောလုံးသမားဘက်ခမ်း
၁၁း၀၀	အပိတ်

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခြင်းသည် အနာဂတ်ကောင်းကျိုးချမ်းသာဖြစ်ထွန်းစေဖို့ဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အလေးအနက်ယုံကြည် အောင်မြင်ပြီးမြောက်သည်အထိ ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းပြောကြားသည့် ကျေးဇူးတင်စကား အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်သည်–

ကြွရောက်လာကြတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့ခင်ဗျား။

ကျွန်တော်ကတော့ PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဦးအိုက်မုန်းဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သောအဖွဲ့ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇) PSLA ငြိမ်းချမ်းရေးအဖွဲ့ဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တပ်မတော်အစိုးရအပေါ် ခိုင်မာလေးနက်စွာ အားထားယုံကြည်ပြီး ဖြစ်သည့်အလျောက် နိုင်ငံတော်၏ကျေးဇူးသစ္စာကို အစဉ်စောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ချ၍ ငြိမ်းချမ်းရေးနှင့် လက်နက်အားအပြီးအပိုင်လဲလှယ်ပြီး ထာဝရငြိမ်းချမ်းရေးကို စိုက်ထူတဲ့အခမ်းအနား ဖြစ်ပါတယ်။

ဒုက္ခကြီးစွာတွေ့ကြုံခဲ့ရ

ရှေးယခင်တုန်းက ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများ နေထိုင်ရာနယ်မြေဒေသအတွင်းမှာ လက်နက်ကိုင်အင်အားစုများ အားပြိုင်လွှမ်းမိုးနေပြီး ကွဲကွဲပြားပြားရှိနေသောလက်နက်ကိုင်အင်အားစုများအောက်တွင် ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများဟာ စုစည်းနေထိုင်နေခြင်း မရှိတော့ဘဲ ဘဝလုံခြုံမှုနဲ့ နယ်မြေအေးချမ်းတည်ငြိမ်မှု ပျက်ပြား၍ အတိဒုက္ခကြီးစွာ တွေ့ကြုံခံစားလာခဲ့ရပါတယ်။

ပလောင်တိုင်းရင်းသားများရဲ့ ဘဝနဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ဖို့၊ စည်းလုံးညီညွတ်မှုရရှိစေဖို့ ဦးဆောင်ပေးနိုင်မယ့်အဖွဲ့အစည်းအဖြစ် ၁၉၆၃ခုနှစ်မှာ ပလောင်အမျိုးသားတပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပလောင်ဒေသအတွင်းလှုပ်ရှားမှုများဆောင်ရွက်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးတည်ဆောက်နိုင်

၁၉၈၈ခုနှစ်မှာ ပြောင်းလဲလာခဲ့တဲ့ မြန်မာနိုင်ငံရေး အခြေအနေများနဲ့အတူ လက်နက်ကိုင်အင်အားစုများအတွင်း ပြောင်းလဲမှုများဖြစ်ပေါ်နေချိန်တွင် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေး ဟူသောတပ်မတော်အစိုးရ၏မှန်ကန် ဖြူစင်သော စိတ်ရင်းစေတနာတို့ကြောင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီးသဘောတူညီမှုနှင့် ငြိမ်းချမ်းရေးကို ရယူတည်ဆောက်နိုင်ခဲ့ပါတယ်။

၁၉၉၃ခုနှစ်မှ ၂၀၀၄ခုနှစ်ကာလအတွင်းမှာ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ ကူညီသောရန်ပုံငွေများဖြင့် ဒေသခံမိဘပြည်သူတို့ ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြိုးပမ်းလုပ်ဆောင်ခဲ့ရာမှာ ဒေသအတွင်း မြေသားလမ်း ၃၅၁မိုင် ကျပ်သန်းပေါင်း ၂၁၄၁ဒသမ၇၃သန်း၊ လမ်းများပြုပြင်ထိန်းသိမ်းခြင်း ၁၅၈မိုင် ကျပ် ၁၄၁ဒသမ၈၁သန်း၊ ဆေးပေးခန်း ၂၆ခု ကျပ် ၁၉ ဒသမ ၉၁သန်း၊ ပညာရေးလုပ်ငန်း အမက ၂၄ကျောင်း၊ တွဲဖက်အလက ၂၆ကျောင်း၊ အထက တစ်ကျောင်း၊ ပညာရေး ဝန်ထမ်းများ ပံ့ပိုးကူညီမှု ကျပ် ၇၃ဒသမ၇၄သန်း၊ စိုက်ပျိုးရေးလုပ်ငန်း နှစ်တို၊ နှစ်ရှည် သီးနှံဧက ၂၃၀ ကျပ် ၈ဒသမ ၄သန်း၊ ရေအားလျှပ်စစ် ၁၆ ဒသမ ၆၇ သန်း၊ သာသနာရေးလုပ်ငန်း စေတီ ခြောက်ဆူ၊ ဥပုသ်ဇရပ် လေးဆောင်၊ သိမ်တစ်ဆောင် ကျပ် ၁၆ဒသမ၈၇သန်း၊ စက်ရုံလုပ်ငန်းအတွက် ၁၂၆ ဒသမ ၉ သန်း စုစုပေါင်း ကျပ် ၄၉၃ဒသမ၀၈ သန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နိုင်ငံတော်၏ အထောက်အပံ့များနှင့်အတူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ပလောင်တိုင်းရင်းသားများဟာ အမျိုးအနွယ်၊ နယ်မြေဒေသ၊ ဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာအစဉ်အလာ၊ ယုံကြည်ကိုးကွယ်မှု၊ ဘာသာတရား၊ စာပေယဉ်ကျေးမှု၊ ရိုးရာသုခုမအနုပညာ၊ သဘင်ဂီတ အသက်မွေးဝမ်းကျောင်းပြုမှု၊ လူမှုဆက်ဆံရေးတရား၊ စီရင်ထုံးဓလေ့တွေကို အမျိုးသား ဂုဏ်အင်္ဂါလက္ခဏာအဖြစ် အစဉ်စောင့်ထိန်းသလို ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်စုအားလုံး မြန်မာနိုင်ငံအနှံ့နေရာဒေသတိုင်းမှာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့တဲ့ ပကတိဘဝအမှန်နဲ့ အဲ့ဒီပကတိဘဝအမှန်ကပေါက်ဖွားလာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များကိုလည်း ထိန်းသိမ်းပြီး ပိုမိုရှင်သန်မြင့်မားအောင် ကြိုးစားသွားကြမှာဖြစ်ပါတယ်။

အလေးအနက်ခံယူ

ယခုလိုလက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ခြင်းဟာ နောင်အနာဂတ်ကာလများတွင် ကျွန်တော်တို့တစ်တွေရဲ့နောင်လာ၊ နောက်သားသားစဉ်၊ မြေးဆက်ကို ကောင်းမွေတွေပေးထားနိုင်စေဖို့၊ ကောင်းကျိုးချမ်းသာတွေ ဖြစ်ထွန်းစေဖို့အတွက် ကြိုးပမ်းလုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အစည်းဟာ နိုင်ငံတော်ရဲ့စစ်မှန်တဲ့ သဘောထား

PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်း ဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းက ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံသည့်အ ကြောင်း နှင့် ရည် ရွယ် ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားစဉ်။ (သတင်းစဉ်)

ကိုလက်ခံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်နှင့်လက်တွဲဆောင်ရွက်နေသည့် အခြားတိုင်းရင်းသား အဖွဲ့အစည်းများနှင့်အတူ ယခင်ကတည်းက ကျင့်သုံးလာခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် နိုင်ငံတော်၏အမျိုးသားရေးမူဝါဒသဘောထားကို အလေးအနက်ထား ခံယူယုံကြည်မိပါတယ်။

အနာဂတ်နိုင်ငံတော်သစ်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရမှ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အလေးအနက်ယုံကြည်၍ အောင်မြင်ပြီးမြောက်သည်အထိ ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အပြီးအပိုင်စွန့်လွှတ်

မကြာမီကာလ အတွင်းက ကျွန်တော်တို့လိုပဲ လက်နက်စွဲကိုင်တဲ့လမ်းစဉ်ကိုစွန့်ပြီး SSNA တပ်မဟာ(၁၁) ဦးကန်န ဦးဆောင်တဲ့ အဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်ခဲ့သည့် အခမ်းအနားတက်ရောက်ခဲ့ပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ PSLA အဖွဲ့အနေဖြင့် လက်နက်များအား နိုင်ငံတော်သို့ အပြီးအပိုင်စွန့်လွှတ်အပ်နှံရန် သန္နိဋ္ဌာန်ချဆုံးဖြတ်ခဲ့ပါတယ်။

အဲ့ဒီလို ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း ကျွန်တော်တို့ တပ်ဖွဲ့ဝင်များ အသေးစိတ်ညှိနှိုင်းခဲ့ပြီး တိုင်းမှူးကြီးထံသတင်းပို့ တင်ပြခဲ့ပါတယ်။ တစ်ချိန်က မှားယွင်းစွာထားခဲ့တဲ့ လူမျိုးရေးအမြင် ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်နဲ့ သံသယစိတ်တွေ ကင်းစင်လာပြီး မည်သူ့တိုက်တွန်းချက်မှ မပါဘဲ ၁၉၇၁ခုနှစ်မှ စတင်ပြီး နှစ်ပေါင်းများစွာ စွဲကိုင်လာခဲ့တဲ့ လက်နက်ကို အပြီးအပိုင် နိုင်ငံတော်အစိုးရထံ အပ်နှံခြင်းဖြစ်ပါတယ်။ ရှေ့လျှောက်ပြီး ကျွန်တော်တို့ဟာ ဒေသခံတိုင်းရင်းသားတစ်ဦးအနေဖြင့် နိုင်ငံတော်ရဲ့ မေတ္တာ၊ စေတနာကို ခံစားရင်း ဥပဒေဘောင်အတွင်းမှာ နေထိုင်သွားကြဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

အေးမြသောအလင်းရောင်

ဒီနယ်မြေဟာ တစ်ချိန်က တိုက်ပွဲခေါ်သံတွေနဲ့ ပြည်သူတွေသေကျေဒဏ်ရာရရကာ စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးပြီး အမှောင်ဖုံးလွှမ်းခဲ့ရာကနေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ခြင်းဖြင့် လင်းရောင်ခြည်သန်းခဲ့ရာက ယခုလို ကျွန်တော်တို့ အပြီးအပိုင် လက်နက်များ အပ်နှံလိုက်ခြင်းဖြင့် တိမ်ကင်းစင်သော လမင်းကြီး၏ အေးမြသော အလင်းရောင်ကို ရှင်းရှင်းလင်းလင်း ပြည့်ပြည့်ဝဝရရှိခဲ့ပြီး ဖြစ်ပါတယ်။

ဒေသခံ လူထုအားလုံးကလည်း ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုကြပါတယ်။ ကျွန်တော်တို့အားလုံးနဲ့ထပ်တူ ဒီဒေသမှာနေကြတဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံး အေးမြတဲ့မေတ္တာရိပ်ကို ရရှိခံစားနိုင်ကြမှာဖြစ်ပါတယ်။ နောင်ဘယ်တော့မှလည်း ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် လုပ်ရပ်များ မဖြစ်စေရေးအတွက် တပ်ဖွဲ့ဝင်များအားလုံး ကိုယ်စားကတိပြု ပြောကြားအပ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် စွန့်လွှတ်လဲလှယ်မှုကြောင့် ဒေသခံပြည်သူများ အနေဖြင့် ဝမ်းသာမှု၊ ကြည်နူးမှုများ ဖြစ်ပေါ်ခံစားနေတာကို မကြုံဖူးလောက်အောင် တွေ့မြင်ခဲ့ရပါတယ်။

ပြည်သူအပေါ် အလုပ်အကျွေးပြု

တစ်ဆက်တည်းမှာပဲ ထာဝရငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ဖို့ အတွက် ကျွန်တော်တို့လိုပဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး အကြောင်း အမျိုးမျိုး၊ အစွဲအလမ်း အမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ညီအစ်ကို အဖွဲ့အစည်းအားလုံးကိုလည်း ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေဖို့နဲ့ ပြည်သူလူထုအပေါ် မေတ္တာ စေတနာ အပြည့်အဝဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေ ပယ်ဖျက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ခြင်းအားဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် အလုပ်အကျွေးပြုသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဝိုင်းဝန်းဖော်ဆောင်

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ ထောက်ခံမှုကို အမှန်တကယ် မရနိုင်ပါဘူး။ ကျွန်တော်တို့ ညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်၊ ပြည်သူတွေ တိုင်းရင်းသား လူမျိုးစုတွေရဲ့ အကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင် ပြည်သူတွေကို စိုးရွံ့ကြောက်လန့်စိတ်တွေသာ ဖြစ်ပေါ်စေနေတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်အပ်နှံကြပြီး ပြည်သူတွေ အမှန်တကယ် လိုလားတောင့်တ မျှော်လင့်နေကြတဲ့ ထာဝရငြိမ်းချမ်းရေးကို ကျွန်တော်တို့ အားလုံးဝိုင်းဝန်းဖော်ဆောင်ပေးကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

သံသယစိတ်ပယ်ဖျက် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်လဲလှယ်

- ❐ ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး အကြောင်း အမျိုးမျိုး၊ အစွဲအလမ်း အမျိုးမျိုးနဲ့ လက်နက်စွဲကိုင်နေကြတဲ့ ညီအစ်ကို အဖွဲ့အစည်း အားလုံးကိုလည်း ကျွန်တော်တို့လို လမ်းကြောင်းမှန်ပေါ်ရောက်ရှိစေဖို့နဲ့ ပြည်သူလူထုအပေါ် မေတ္တာ စေတနာ အပြည့်အဝဖြင့် လက်နက်စွဲကိုင်ထားရတဲ့ သံသယစိတ်တွေ ပယ်ဖျက်ပြီး ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင် လဲလှယ်ခြင်း အားဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် အလုပ်အကျွေးပြု။
- ❐ ကျွန်တော်တို့ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ထောက်ခံမှုကို အမှန်တကယ်မရနိုင်ပါဘူး။ ကျွန်တော်တို့ ညီအစ်ကို လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ပြည်သူတွေကို အမှန်တကယ် ချစ်မြတ်နိုးတယ်၊ ပြည်သူတွေ တိုင်းရင်းသား လူမျိုးစုတွေရဲ့အကျိုးကို အမှန်တကယ်လိုလားတယ်ဆိုရင် ပြည်သူတွေကို စိုးရွံ့ကြောက်လန့်စိတ်တွေ ဖြစ်ပေါ်စေနေတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်အပ်နှံကြပြီး ပြည်သူတွေ အမှန်တကယ် လိုလားတောင့်တ မျှော်လင့်နေကြတဲ့ ထာဝရ ငြိမ်းချမ်းရေးကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖော်ဆောင် ပေးကြပါ။

ဦးအိုက်မုန်း

အကြောင်းအမျိုးမျိုးပြပြီး စွဲကိုင်နေသည့်လက်နက်များ ပြည်သူအတွက်ကောင်းကျိုးမပြု အန္တရာယ်ပြုခြိမ်းခြောက်ပြီး ဆက်ကြေးအခွန်ကောက်ဖို့သာအသုံးဝင် တိုင်းရင်းသားများအကျိုး အမှန်တကယ်သယ်ပိုးချင်ရင် လက်နက်များအပြီးအပိုင်စွန့်လွှတ်

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သည့် အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုများခင်ဗျား။

PSLA ပလောင် လွတ်မြောက် ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်က ၎င်းတို့တစည်း တလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားပြောကြားစဉ်။
(သတင်းစဉ်)

ကျွန်တော်ကတော့ PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပလောင်တိုင်းရင်းသားဖြစ်ပြီး၊ ပလောင်ဒေသမှာရှိတဲ့ ညီအစ်ကို ပလောင် တိုင်းရင်းသားများရဲ့အကျိုးကို ကာကွယ်စောင့်ရှောက်ဖို့ ရည်ရွယ်ချက်နဲ့ လက်နက်စွဲကိုင်ခဲ့သူ ဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၊ တပ်မတော်အစိုးရလက်ထက်မှာ ကျွန်တော်တို့လက်နက်ကိုင်အဖွဲ့ဟာ ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားများရဲ့ အကျိုးနဲ့ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မယ်ဆိုပြီး ဥပဒေဘောင်အတွင်းကို ဝင်ရောက်ခဲ့ကြပါတယ်။

သံသယစိတ်နဲ့ကျော်ဖြတ်

ကျွန်တော်တို့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော်လည်း ကျွန်တော်တို့ကိုင်စွဲထားတဲ့လက်နက်တွေကို အပြီးတိုင်စွန့်လွှတ်ခြင်းမရှိသေးဘဲ ယုံကြည်မှုတည်ဆောက်ရေးဆိုတဲ့ကာလတစ်ခုကို ဆယ်စုနှစ်တစ်စုကျော်သံသယစိတ်နဲ့ ကျော်ဖြတ်လာခဲ့ကြပါတယ်။

ဒီကာလအတွင်းမှာ နိုင်ငံတော်အစိုးရရဲ့ မြန်မာတစ်နိုင်ငံလုံး အကြားအလပ်မရှိ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရအောင် မှန်ကန်ဖြူစင်တဲ့စေတနာနဲ့ ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ဟာ နေ့စဉ်နှင့်အမျှ ကြားမြင်သိရှိခဲ့ကြရပြီး ကိုယ်တိုင်လည်း ထိတွေ့ခံစားခဲ့ကြရပါတယ်။

အဟန့်အတားဖြစ်

ကျွန်တော်တို့ ပလောင်ဒေသဟာ အရင်ကာလများကထက်စာရင် လမ်းပန်းဆက်သွယ်ရေးကအစ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိခဲ့တာအမှန်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီတိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းဟာ ကျွန်တော်တို့အဖွဲ့ရဲ့ ကိုင်စွဲနေသေးတဲ့လက်နက်တွေကြောင့် ဝန်ထုပ်ဝန်ပိုးအဟန့်အတားတစ်ခုလို ဖြစ်နေခဲ့ပါတယ်။

လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေရဲ့ စားဝတ်နေမှုနဲ့ အခြားလိုအပ်ချက်တွေအပေါ် ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းနေသလဲ၊ အတိုဆုံးနဲ့ အရှင်းဆုံးပြောရရင် ကျွန်တော်တို့ ပလောင်ဒေသ တိုင်းရင်းသားများထံကပဲ အခွန်အကောက်မျိုးစုံကို ကောက်ခံတောင်းယူသုံးစွဲခဲ့ကြရပါတယ်။ဒီအတွက် ဒေသခံတိုင်းရင်းသားတွေရင်ထဲမှာ ကျေနပ်ကြရဲ့လား၊ ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်တွေဟာ ထင်သလောက်ခရီးရောက်ရဲ့လား၊ ကျွန်တော်တို့ မူလရည်မှန်းခဲ့ကြတဲ့ ပလောင် တိုင်းရင်းသားတွေရဲ့ အကျိုးကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းကာကွယ်ပေးနိုင်ခဲ့ပြီလား ဒီလိုအတွေးမျိုးကို ကျွန်တော်တို့ PSLA ခေါင်းဆောင်ပိုင်း အနေနဲ့ ဆင်ခြင်တွေးတော မိလာကြပါတယ်။ ကျွန်တော်တို့ ပလောင်တိုင်းရင်းသားတွေဟာ အလွန်ရိုးသားဖြူစင်သူများ ဖြစ်ကြပါတယ်။ မိမိတို့ ရိုးသားစွာ ကိုယ့်ခွန်၊ ကိုယ့်အားနဲ့ အရင်းပြုရှာဖွေလို့ ရခဲ့ကြတဲ့ ကောက်ပဲသီးနှံကအစ အခွန်အကောက် ဆက်ကြေးမျိုးစုံပေးနေကြရသော်လည်း ရင်ထဲက မကျေနပ်မှုတွေကို ရဲရဲဝံ့ဝံ့ ကျယ်ကျယ်လောင်လောင် ဖွင့်ဟမပြောဝံ့ခဲ့ကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့တစ်တွေဟာ ဒေသခံလူထုကြားမှာ နေထိုင်ကြသူတွေဖြစ်တော့ သူတို့ရဲ့ ရင်တွင်းက အသံတွေကို အမှန်ပဲကြားခဲ့ကြပါတယ်။ သိနေကြပါတယ်။ ဒီလို ကိုယ့်ပြည်သူတွေရဲ့ ရင်ထဲက အသံတွေကြောင့် ကျွန်တော်တို့ကိုင်စွဲခဲ့ကြတဲ့ လက်နက်တွေရဲ့ ဝန်ထုပ်ဝန်ပိုးဟာ ကိုယ့်တိုင်းရင်းသားတွေအပေါ်မှာပဲ ပြန်လည်ဖိစီးသလို ဖြစ်နေတာကို ကျွန်တော်တို့ မှန်ကန်စွာ သုံးသပ်ဆင်ခြင်မိလာကြပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းက သဘောပေါက်သလို တပ်ဖွဲ့ဝင်တွေကလည်း သဘောပေါက်ကြပါတယ်။

တိုင်းရင်းသားညီအစ်ကိုများခင်ဗျား-

ဒါ့ကြောင့် ဒီနေ့ကျင်းပပြုလုပ်တဲ့ ကျွန်တော်တို့ PSLA အဖွဲ့ရဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်တဲ့ အခမ်းအနားကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့သမိုင်းမှာမှတ်တိုင်တစ်ခုအဖြစ် ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

မှုမှုတတခံစားကြရတော့မည်

ဒီအတွက် ကျွန်တော်တို့ရဲ့ရင်ထဲမှာ ဝမ်းသာကြည်နူးကြရပါတယ်။ ကျွန်တော်တို့ ပလောင်တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါင်းကို နိုင်ငံတော်အစိုးရရဲ့ ဥပဒေရင်ခွင်အောက်မှာ ကျွန်တော်တို့အားလုံး မှုမှုတတ အပြည့်အဝ ခံစားကြရတော့မှာ ဖြစ်ပါတယ်။

အပြီးအပိုင်စွန့်လွှတ်ချိန်တန်

ကျွန်တော်တို့အဖွဲ့လို ကျန်လက်နက်ကိုင်လျက် ရှိနေကြသေးတဲ့ အဖွဲ့များ အနေနဲ့လည်း အကြောင်းအမျိုးမျိုးပြပြီး မိမိတို့စွဲကိုင်နေကြသေးတဲ့ လက်နက်တွေဟာ ပြည်သူအတွက် ကောင်းကျိုးမပြုဘဲ အန္တရာယ်ပြုခြိမ်းခြောက်ပြီးဆက်ကြေးအခွန်ကောက်ဖို့အတွက်သာ အမှန်တကယ် အသုံးဝင်တော့တာကို သိမြင်ကြဖို့လိုပါပြီ။ ကိုယ့်တိုင်းရင်းသားတွေနဲ့ ကိုယ့်ဒေသအကျိုးကို အမှန်တကယ်သယ်ပိုးချင်တယ်ဆိုရင် ကိုင်စွဲနေသေးတဲ့ လက်နက်တွေကို အပြီးအပိုင် စွန့်လွှတ်ချိန်တန်ပါပြီ။

တစ်ချိန်က နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေထားရှိခဲ့တာကို ပြန်လည်သုံးသပ်ပြီး ကိုယ့်တိုင်းရင်းသားတွေရဲ့ ရင်ထဲက အသံတွေကို ကြည်ကြည်လင်လင် ကြားရအောင် နားထောင်ကြည့်ကြပါ။ အခုလက်ရှိ မျိုးဆက် တိုင်းရင်းသားတွေအပေါ် မှာရော နောင်သားစဉ် မြေးဆက်တွေအပေါ်မှာပါတာဝန်ကျေတဲ့သားကောင်းတွေဖြစ်ဖို့ ကျွန်တော်တို့ အားလုံး လက်နက်တွေ အပြီးအပိုင် စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ပြည်သူတွေနဲ့တစ်သားတည်းလက်တွဲ နေထိုင်သွားကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ **(သတင်းစဉ်)**

ပြည်သူတွေအပေါ် ဝန်ထုပ်ဝန်ပိုးဖိစီးနေသည့်အခွန်အခဆက်ကြေးများပေးနေရသည့်ဒုက္ခ အမှန်တကယ်လွတ်မြောက်တော့မှာဖြစ်သည့်အတွက် ဝမ်းမြောက်ကြည်နူးမဆုံး ခံစားမိ လက်နက်များငြိမ်းချမ်းရေးနှင့်အပြီးအပိုင်လဲလှယ်ခြင်းဖြင့်ငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ်တက်လှမ်း

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံတအောင်းပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့် ပြောကြားသည့် ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်-

ကြွရောက်လာကြတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နယ်မြေခံပြည်သူလူထုများအားလုံး နှစ်သစ်မင်္ဂလာ အခါသမယမှာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်က ဒေသခံတအောင်း ပလောင်တိုင်းရင်းသား ဦးခွန်ပွင့်ဖြစ်ပါတယ်။

ဒေသခံတအောင်း ပလောင် တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့်က ဦးအိုက်မုန်းနှင့် အဖွဲ့အား ဒေသခံတိုင်း ရင်း သား ပြည် သူ များ ကိုယ် စား လှိုက် လှဲ စွာ ကြိုဆို ဂုဏ်ပြုကြောင်း နှင့် မန်တုံနှင့် နမ့်ဆန် ဒေသ အတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားပြောကြားစဉ်။
(သတင်းစဉ်)

ဝမ်းမြောက်ဂုဏ်ယူမိ

အခုလို ပလောင်လွတ်မြောက်ရေးအဖွဲ့ PSLA ရဲ့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့လုံးက ကိုင်ဆောင်ထားတဲ့ လက်နက်များအားလုံးကို ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရထံ အပြီးအပိုင်ခြွင်းချက်မရှိ အပ်နှံတဲ့ အခမ်းအနားမှာ စကားပြောခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

ဒီလိုအခြေအနေမျိုးကို နှစ်ပေါင်းများစွာ လိုလားတောင့်တခဲ့သော်လည်း ဖြစ်ပေါ်လာလိမ့်မယ်လို့ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိပါဘူး။ ဘာပြုလို့လဲဆိုရင် လက်နက်ကိုင်ဆောင်ထားတဲ့ သောင်းကျန်းသူ အဖွဲ့တွေဟာ ယခင်က ကျွန်တော်တို့နယ်မြေ ပလောင်ဒေသမှာ ပြည်သူလူထုထံမှ အခွန်အခ၊ ဆက်ကြေးများ ကောက်ခံစားသောက်နေခဲ့တာနှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ကျွန်တော်ရဲ့အသက်နှင့်တမျှကာလကြာရှည်ခဲ့ပါပြီ။ ဒီလောက်ကြာပြီ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ပြည်သူများနှင့်တစ်သားတည်း လက်တွဲနေထိုင်

- နိုင်ငံတော်အစိုးရအပေါ် သံသယစိတ်တွေထားရှိခဲ့တာကို ပြန်လည်သုံးသပ်ပြီး ကိုယ့်တိုင်းရင်းသားတွေရဲ့ ရင်ထဲက အသံတွေကို ကြည်ကြည်လင်လင်ကြားရအောင် နားထောင်ကြည့်ကြပါ။ အခုလက်ရှိ မျိုးဆက် တိုင်းရင်းသားတွေအပေါ် မှာရော နောင်သားစဉ် မြေးဆက်တွေအပေါ်မှာပါ တာဝန်ကျေတဲ့ သားကောင်းတွေဖြစ်ဖို့ ကျွန်တော်တို့အားလုံး လက်နက်တွေ အပြီးအပိုင်စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ပြည်သူတွေနဲ့တစ်သားတည်းလက်တွဲနေထိုင်။

ဦးမိုင်းအုဏ်းခိုင်

ရင်ထဲမှာမျိုသိပ်ထားခဲ့ရသည့်စကားများ ရင်ဖွင့်ပြောကြားခွင့်ရသည့်အတွက် ဝမ်းသာကြည်နူးမဆုံးဖြစ်ရ မိဘပြည်သူအားလုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းမှုကို ဝိုင်းဝန်းတည်ဆောက် ကိုင်စွဲထားသောလက်နက်များ လူထုအတွက်ဝန်ထုပ်ဝန်ပိုးဖြစ်တာကြောင့် ရပ်တန်းကရပ်ဖို့ အချိန်တန်ပြီ

ရန်ကုန် ဧပြီ ၂၉

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံတအောန်းပလောင်တိုင်းရင်းသူ မနန်းမြစိန်ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

လေးစားအပ်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အကြီးအကဲများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန်တုံမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူအပေါင်းစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင့်။

ကျွန်မကတော့ ဒေသခံတအောန်းပလောင်တိုင်းရင်းသူ နန်းမြစိန်ဖြစ်ပါတယ်ရှင်။ မန်တုံမြို့နယ် ပြည်သူ့ဆေးရုံမှာ အထက်တန်းသူနာပြုဆရာမတာဝန်ကို ထမ်းဆောင်နေပါတယ်။

ဝမ်းသာကြည်နူးမဆုံး

ဒီကနေ့ဟာ ကျွန်မတို့ မန်တုံဒေသမှာ ဘေးဒုက္ခအန္တရာယ်ခပ်သိမ်းကင်းငြိမ်းပြီး အေးချမ်းသာယာငြိမ်းချမ်းလာသောနေ့ဖြစ်ပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အခမ်းအနားကြီးကို တက်ရောက်ပြီး ကျွန်မတို့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘဝသက်တမ်းတစ်လျှောက် တွေ့ကြုံခံစားခဲ့ရပြီး ရင်ထဲမှာ မျိုသိပ်ထားခဲ့ရတဲ့ စကားတွေကို ရင်ဖွင့်ပြောကြားခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမဆုံးဖြစ်ရပါတယ်။

ငြိမ်းချမ်းရေး မရခင်ကာလ ကျွန်မတို့ ငယ်ငယ်တုန်းက မူလတန်း၊ အလယ်တန်းပညာ သင်နေစဉ်ကာလက ညရောက်လာမှာကို အရမ်းစိုးရိမ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညရောက်လို့ စာကျက်ဖို့ပြင်နေချိန်မှာ ဟိုဟိုဒီဒီက သေနတ်သံတွေ ကြားရတတ်ပါတယ်။ စိုးတထိတ်ထိတ်နဲ့ စာကျက်ခဲ့ရသလို ကြောက်စိတ်ကို မျိုသိပ်ပြီး အိပ်စက်ခဲ့ရပါတယ်။

ခရီးသွားပြန်တော့လည်း ဘယ်နေရာမှာ တိုက်ပွဲဖြစ်မလဲ၊ ဘယ်တောင်ကွေ့မှာ သေနတ်ကိုင်တွေ ဘွားခနဲပေါ်လာမလဲဆိုတဲ့ စိုးရိမ်စိတ်တွေက လွှမ်းမိုးပြီး တတ်သမျှ ဘုရားစာကိုသာ မျက်စိမှိတ်ပြီး ရွတ်ဖတ်လာလို့ ပတ်ဝန်းကျင် သဘာဝ၊ တောတောင်ရှုခင်းတွေကိုတောင်မှ ဂရုမထားနိုင်ခဲ့ပါဘူးရှင်။ ကျွန်မတို့ ဒေသခံလူငယ်တွေရဲ့ဘဝဟာ စိုးရိမ်ပူပန်မှုတွေကို ရင်ဝယ်ပိုက်ပြီး ကြီးပြင်းလာခဲ့ကြရပါတယ်။

ဥပဒေပြင်ပက လက်နက်ကိုင်တယ်ဆိုတာ ဘယ်သူကမှ မကြိုက်ကြပါဘူး။ ဒီလို ဥပဒေပြင်ပက လက်နက်ကိုင်ထားတဲ့သူတွေကိုယ်တိုင် မိမိနှင့်ကျွမ်းဝင်သူတွေကို မေးကြည့်လိုက်ပါ၊ ဥပဒေမဲ့ လက်နက်ကိုင်တာမကြိုက်ဘူးလို့ပဲ ဖြေမယ်ဆိုတာ ကျွန်မတထစ်ချယုံကြည်ပါတယ်ရှင်။

မိခင်တွေ၊ နှမသားချင်းတွေ၊ ဇနီးသည်တွေဆိုရင်လည်း မိတစ်ကွဲ၊ ဖတစ်ကွဲနဲ့ တောထဲမှာ လက်နက်ကိုင်နေရတဲ့ ငါ့သား၊ ငါ့မောင်၊ ငါ့ခင်ပွန်း ဘာများဖြစ်မလဲ၊ ဘာသတင်းများ ကြားရမလဲဆိုတာ အမြဲတမ်း စိုးရိမ်ပူပန်နေရပါတယ်။

၁၉၈၈ ခုနှစ်မှာ တပ်မတော်အစိုးရက နိုင်ငံတော်ရဲ့ တာဝန်ကိုယူလိုက်တဲ့အခါမှာ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်လာခဲ့ကြတဲ့အတွက်ပြည်သူတစ်ဦးအနေနဲ့ ဝမ်းသာကြည်နူးရပါတယ်။

ကျွန်မတို့ ပလောင်ဒေသတွေလည်း ယခင်ကထက် တိုးတက်လာခဲ့ပါတယ်။ ယခင်က မူလတန်းကျောင်းတွေသာရှိပြီး အလယ်တန်းနဲ့အထက်တန်းပညာကို မိုင် ၃၀ ကျော်ဝေးတဲ့ နမ္မတူမှာ မိဘနှင့်ခွဲခွာပြီး ပညာသင်ကြားခဲ့ကြရပါတယ်။

ငြိမ်းချမ်းရေးအသီးအပွင့်

ယခုဆိုရင် ရွာတိုင်းနီးပါးလောက် စာသင်ကျောင်းတွေ ဖွင့်လှစ်ပြီး တိုင်းရင်းသားကလေးငယ်တွေ စာသင်နိုင်ကြပါပြီ။ မန်တုံမြို့မှာ အထက်တန်းကျောင်းကြီး တစ်ကျောင်းရှိပြီး ဒေသခံပလောင်၊ ကချင်၊ ရှမ်း၊ ဗမာစတဲ့ တိုင်းရင်းသားလူငယ်တွေဟာ မြို့ကြီးတွေနဲ့မခြား ပညာရင်နို့သောက်စို့နေကြရပါပြီ။ ဒါဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ကို ခံစားရခြင်းပဲ ဖြစ်ပါတယ်ရှင်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာလည်း အရင်ကဆိုရင် မိုင်၃၀ကျော်သာဝေးတဲ့ မန်တုံကနေ နမ္မတူခရီးကို တစ်နေကုန် ခက်ခက်ခဲခဲသွားရပါတယ်။ မိုးမိတ်နဲ့ နမ့်ဆန်ကို မော်တော်ကားနဲ့ သွားလို့မရပါဘူး။ ခြေကျင်ပဲ သွားခဲ့ကြရပါတယ်။

ဒေသထွက်ကုန် လက်ဖက်စို၊ လက်ဖက်ခြောက်တွေ၊ ကျွန်မတို့စားဖို့ဆန်နဲ့ လူသုံးကုန်တွေကို ဝန်တင်လားတွေ၊ မြင်းတွေနဲ့ပဲ သယ်ယူပို့ဆောင်ခဲ့ကြရတယ် မဟုတ်ပါလားရှင်။

ဒီကနေ့မှာတော့ မန်တုံနဲ့ နမ္မတူကို သုံးနာရီလောက်နဲ့ ရောက်နိုင်သလို မန်တုံ–မိုးမိတ်လမ်း၊ မန်တုံ–နမ့်ဆန်လမ်းတွေကိုလည်း ဖောက်လုပ်ပေးခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့နေပြီး သွားရေး၊ လာရေး၊ သယ်ယူပို့ဆောင်ရေးမှာ အဆင်ပြေ ပိုမိုတိုးတက်နေတာကို ခံစားနေရပါပြီရှင်။

ငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်တဲ့ လမင်းကြီးကတော့ ပေါ်ထွက်လာ

ဒေသခံတအောန်းပလောင်တိုင်းရင်းသူ မနန်းမြစိန်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့်နမ့်ဆန် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအလားအလာ အတွက် ဝမ်းမြောက် ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပါပြီ။ သို့သော် လမင်းကြီးကို တိမ်ဖုံးနေတဲ့အတွက် လရောင်ရဲ့အေးမြမှုကို ဒေသခံပြည်သူတွေအနေနဲ့ အပြည့်အဝ မခံစားရသေးပါဘူးရှင်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ဖြစ်သော်လည်း သံသယစိတ်နဲ့ လက်နက် စွဲကိုင်နေသေးတဲ့ အဖွဲ့အစည်းများ ရှိနေလို့ပါပဲရှင်။

လက်နက်ကိုင်စွဲထားကြတဲ့ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးဟာ ကျေးရွာကြီးတွေမှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေ တပ်စွဲထားကြသလို ရွာတိုင်းမှာလည်း တိုက်နယ်မှူး၊ အုပ်စုမှူးဆိုတဲ့ အမာခံတွေ မွေးမြူထားကြပါတယ်။

ဒေသခံ ပြည်သူတွေဆီကနေ လယ်ရှိရှိ မရှိရှိ စပါး၊ လက်ဖက်၊ သီးနှံနဲ့ ရာသီလိုက် သီးနှံအမျိုးမျိုးအတွက် အခွန်တွေကို ပေးနေကြရပါတယ်။ ထော်လာဂျီခွန်၊ ကားအခွန်အခတွေကို တောင်းခံနေဆဲရှိပါသေးတယ်။ စားနပ်ရိက္ခာအတွက် ဆန်တွေကိုလည်း ဒေသခံပြည်သူတွေကပဲ ထောက်ပံ့နေရပါသေးတယ်ရှင်။

ဒီလိုအခွန်အခတွေကို မိမိတို့မရှိမဲ့ ရှိမဲ့ ချွေးနဲ့စာထဲက ဘယ်သူမှ မပေးချင်ကြပေမယ့်လည်း လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ပြုမှာကို စိုးကြောက်ပြီး ကြိတ်မှိတ်ပေးနေခဲ့ကြရပါတယ်။

နိုင်ငံတော်အစိုးရကိုလည်း တိုင်တန်းဝံ့သူရယ်လို့ မပေါ်ပေါက်ခဲ့သလို နှစ်ပေါင်းများစွာ ငယ်ကြောက်ဖြစ်နေတာကြောင့် တိုးတိုးလေးတောင်မှ မညည်းရဲခဲ့ကြပါဘူး။

ဒီဒုက္ခတွေကို ဒေသခံပြည်သူတွေဟာ ခါးစည်းခံစားနေကြရပြီး ဥပဒေပြင်ပ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့အခွန် အကောက်ဖိစီးမှုဒဏ်ကြောင့် ကိုယ်ရော၊ စိတ်ပါ ထိခိုက်ခံစားနေကြရပါတယ်။

ရပ်ရွာ အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးတဲ့ဒေသက ပြည်သူတွေရဲ့ ဘဝဟာငြိမ်းချမ်းပြီး မိသားစုစိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေကြရတာကို ကိုယ့်ဘဝနဲ့နှိုင်းယှဉ်ကြည့်မိတိုင်း သိမ်ငယ်ညှိုးနွမ်းစိတ်တွေ ဖြစ်ခဲ့ရပါတယ်။ ကိုယ့်ဇာတိမြေကိုချစ်တဲ့စိတ်ကြောင့်သာ ကြိတ်မှိတ်နေခဲ့ကြရတာဖြစ်ပါတယ်။

ဒီကနေ့မှာတော့ ဦးအိုက်မုန်းခေါင်းဆောင်တဲ့ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်တွေဟာ သူတို့ကိုင်ဆောင်ထားတဲ့ လက်နက်အားလုံးကို စွန့်လွှတ်ပြီးငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြတဲ့အတွက် မန်တုံနဲ့နမ့်ဆန်ဒေသနေ တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကိုယ်စား ပြောမပြနိုင်လောက်အောင် ဝမ်းသာကြည်နူးမိပါတယ်ရှင်။

ဒေသခံတိုင်းရင်းသားတွေ၊ မိဘပြည်သူတွေရဲ့ ခံစားနေရတဲ့ဘဝကို အမှန်အတိုင်းသိမြင်သဘောပေါက်ပြီး နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့စေတနာ၊ ပြည်သူတွေရဲ့နွေးထွေးတဲ့အကြင်နာနဲ့ ကြိုဆိုမှုကိုခံယူလာကြတဲ့ တာအိုက်မုန်းခေါင်းဆောင်သော PSLA တပ်ဖွဲ့ဝင်တွေအတွက် ဂုဏ်ယူဝမ်းမြောက်မိသလို၊ မန်တုံနဲ့နမ့်ဆန်ဒေသတွေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မယ့် အလားအလာကောင်းတွေအတွက်လည်း တာအိုက်မုန်းနဲ့ PSLA တပ်ဖွဲ့ဝင်တွေကို အထူးကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲပြောကြားလိုပါတယ်ရှင်။

ကျွန်မတို့မန်တုံဒေသ၊ နမ့်ဆန်ဒေသက တိုင်းရင်းသားပြည်သူတွေကတော့ ကျွန်မတို့ပြည်သူတွေ ခံစားလိုတဲ့ ငြိမ်းချမ်းရေးအသီးအပွင့်အတွက် မှန်ကန်တဲ့ ခံယူချက်၊ ပြတ်သားတဲ့ယုံကြည်ချက်နဲ့လမ်းမှန်ကို ရောက်ရှိလာကြပြီဖြစ်တဲ့ တာအိုက်မုန်းနဲ့ PSLA တပ်ဖွဲ့ဝင်တွေရဲ့အမြော်အမြင်ကြီးမားစွာ လုပ်ဆောင်ချက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ စောင့်ရှောက်မှုအရိပ်အာဝါသအောက်မှာ အေးမြချမ်းသာစွာနဲ့ စည်ပင်ဖွံ့ဖြိုးတိုးတက်လာတော့မှာကို ကြိုတင်မြင်ယောင်ရင်း ဝမ်းသာကြည်နူးမိပါတယ်။

အလားတူ သံသယစိတ်နဲ့ လက်နက်စွဲကိုင်နေဆဲဖြစ်တဲ့လက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ မိမိတို့ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ စိတ်အေးချမ်းမြေ့စွာ နေထိုင်လိုမှုကို ထောက်ထားပြီး မိဘပြည်သူအားလုံးက လိုလားတောင့်တနေကြတဲ့ထာဝရငြိမ်းချမ်းမှုကို ဝိုင်းဝန်းတည်ဆောက်ပေးကြပါလို့ ဒီနေရာကနေ အလေးအနက်မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ရှင်။

လက်နက်ကိုင်လမ်းစဉ်ရဲ့ ဆိုးကျိုးတွေကို ပြည်သူတွေကလည်း သိမြင်လာကြပြီ ဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ ပြည်သူလူထုကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုင်စွဲထားတဲ့ လက်နက်တွေဟာ လက်တွေ့မှာ လူထုအတွက် ဝန်ထုပ်ဝန်ပိုးကိုသာဖြစ်စေတာကြောင့် ရပ်တန်းကရပ်ဖို့အချိန်တန်နေပြီဖြစ်ပါတယ်ရှင်။

နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ ပြည်သူလူထုရဲ့မေတ္တာကို နားလည်ခံယူသောအားဖြင့် ကိုင်စွဲထားကြတဲ့ လက်နက်တွေကို အပြီးအပိုင်စွန့်လွှတ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်သူ၊ ကိုယ့်တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောမဟုတ်၊ အလုပ်နဲ့သက်သေပြရင်း ပြည်သူလူထုက နေ့စဉ်နှင့်အမျှ လိုလားတောင့်တနေတဲ့ထာဝရ ငြိမ်းချမ်းရေးကို တည်ဆောက်ပေးကြပါလို့ ဒေသခံ တိုင်းရင်းသားပြည်သူ အားလုံးရဲ့ ကိုယ်စား အနူးအညွတ်မေတ္တာရပ်ခံ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ။

(သတင်းစဉ်)

PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အဝတ်အထည်များနှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ အင်အား ၅၀၀၀ကျော် တက်ရောက်ကြသည်။

ထို့ပြင် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးများအဖြစ် မန်တုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသည့် မမိုးမိုးအောင်နှင့်မနန်းကွယ်တို့ကဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး မမိုးမိုးအောင်က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ သဘာပတိ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်တိုင်းရင်းသားသွေးချင်းများ အများစုနေထိုင်ကြရာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့မှ ဥပဒေဘောင်အတွင်းဝင်ရောက်ထားသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLAပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ ကြိုဆိုဂုဏ်ပြုအားပေးကြရန် တက်ရောက်လာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အကြီးအကဲများ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပလောင်တိုင်းရင်းသားသွေးချင်းများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ သုခအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမနှုတ်ခွန်းဆက်အပ်ပါကြောင်း။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံ

ယနေ့ကျင်းပသည့် အခမ်းအနားသည် မိမိတို့နမ့်ဆန်၊ မန်တုံဒေသတိုင်းရင်းသားညီအစ်ကိုများအတွက်သာမက ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခွင်လုံးအတွက်သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွက်သော်လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာစေနိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဤဒေသ၌ထာဝရဖော်ဆောင်နိုင်တော့မည်ဖြစ်သည့်အတွက် အလွန်ဝမ်းမြောက်ကြည်နူး ဂုဏ်ယူဖွယ်ရာကောင်းသည့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအခမ်းအနားတစ်ရပ်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ပလောင်သွေးချင်း တိုင်းရင်းသား ညီအစ်ကိုများ အများစု စုဝေးနေထိုင်ရာ နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ လိုအင်ဆန္ဒတောင့်တချက်ကို အကောင်အထည်ဖော်နိုင်ရန်မှာ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအချက်သည် မရှိမဖြစ်အဓိက အခြေခံလိုအပ်ချက်ပင် ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန်တုံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ PSLAပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် PSLAပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယအပါအဝင် တပ်ဖွဲ့ဝင် စုစုပေါင်း ၈၄၃ ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)ကိုးကန့်အဖွဲ့မှ ဦးဖုန်ကြာဖူးနှင့်အဖွဲ့၊ အထူးဒေသ(၂) 'ဝ'အဖွဲ့မှ ဦးအောင်မြင့်နှင့်အဖွဲ့၊ အထူးဒေသ (၃)အက်စ်အက်စ်အေအဖွဲ့မှ ဦးလွယ်မောဝ်နှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးမထုနော်နှင့်အဖွဲ့၊ ကချင်အထူးဒေသ (၂) ကေအိုင်အေအဖွဲ့မှ ဦးဇော်ဂွန်းနှင့်အဖွဲ့တို့လည်းတက်ရောက်ကြသည်။

သဘာပတိ

အဆိုပါ အခမ်းအနားတွင် သဘာပတိများအဖြစ်ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်

30-4 (07).p65 1 3/24/05, 8:15 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကို အဖွဲ့အစည်းအား
PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များက ရှေ့ဆောင်လမ်းပြ စံနမူနာအဖြစ် ဦး

၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့အတူ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံး၏ စည်းလုံးညီညွတ်မှုကိုလည်း ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်နေရန် အဓိကလိုအပ်နေသည့် အချိန်ကာလဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် သမိုင်းမတင်မီခေတ် ရှေးပဝေသဏီကတည်းက ရေကြည်ရာ မြက်နုရာရွှေ့ပြောင်းနေထိုင်လာခဲ့ကြခြင်းကြောင့် နေရာတိုင်း၊ ဒေသတိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စုများသည် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နှင့်အတူတကွ လက်တွဲနေထိုင်ခဲ့သည့် သွေးချင်းသားချင်းညီအစ်ကိုများဖြစ်ကြကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် ကိုလိုနီနယ်ချဲ့၏လက်အောက်ကို နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကျရောက်ခဲ့ရပြီး သွေးခွဲအုပ်ချုပ်ခြင်းကို ခံခဲ့ရသည့် အမွေဆိုးကြောင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးစတင်ရရှိကတည်းက နှစ်ပေါင်း၄၀နီးပါး ကြာသည့်တိုင်အောင် မိမိတို့တိုင်းရင်းသားများ အချင်းချင်းအကြားတွင် သံသယစိတ်များ ပြင်းထန်ခဲ့ပြီး လက်နက်စွဲကိုင် တိုက်ခိုက်နေခဲ့ကြသည့်အတွက် သဘာဝသယံဇာတ အရင်းအမြစ်များကြွယ်ဝပြီး မြေခံ၊ ရေခံအလွန်ကောင်းသည့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ခေတ်နောက်ကျကျန်နေခဲ့ရကြောင်း။

၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီး ၁၇ဖွဲ့ အပါအဝင် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ကြပြီး နိုင်ငံတော်အစိုးရနှင့် အပြန်အလှန်ယုံကြည်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပူးတွဲလုပ်ဆောင်လာနိုင်ခဲ့သည့်အတွက် နယ်မြေဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကိုလည်း အထိုက်အလျောက် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဝမ်းမြောက်ဂုဏ်ယူ

ဤကဲ့သို့ အချိန်ကာလမျိုးတွင် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များသည် တစည်းတည်း၊ တလုံးတည်းနိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် ဒေသနေတိုင်းရင်းသားပြည်သူများ၏ ထာဝရအကျိုးကိုရှေးရှုပြီး ယခင်ကသံသယစိတ်များဖြင့် စွဲကိုင်ထားဆဲဖြစ်သည့် လက်နက်များကို အပြီးအပိုင်စွန့်လွှတ်အပ်နှံခြင်းအားဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်ဆောင်ရွက်လာခြင်းအပေါ် နိုင်ငံတော်အစိုးရ ကိုယ်စားသော်လည်းကောင်း၊ တိုင်းမှူး တစ်ယောက်အနေဖြင့်သော်လည်းကောင်း လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူ ကြိုဆိုပါကြောင်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား တိကျခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် ဦးအိုက်မုန်းနှင့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်အားလုံး တစည်းတလုံးတည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နေ့စဉ်နှင့်အမျှ လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို ဧကန်မလွဲဖော်ဆောင်နိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ လူနေမှုဘဝ မြင့်မားစေရေး၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြု အကျိုးဖြစ်ထွန်းစေလာနိုင်မည် ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ပြည်သူများလိုလားတောင့်တနေကြတဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်နိုင်ဖို့အတွက် ဒို့ပြည်သူတွေကို တရားဥပဒေဘောင်အတွင်း အပြည့်အဝ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်ကာကွယ်ပေးနိုင်ရေးဟာ အခြေခံမရှိမဖြစ် လိုအပ်သည့်အချက် ဖြစ်ကြောင်း"** လမ်းညွှန်မိန့်ကြားထားမှုရှိကြောင်း။

စေတနာအမှန်

ယနေ့ ဦးအိုက်မုန်းနှင့် ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင်အားလုံး

ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲကြိုဆို

ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့် တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲကြိုဆိုကြစဉ်။ (သတင်းစဉ်)

...ည်းအားလုံးတို့ကို လမ်းကြောင်းမှန်တစ်ခုတည်းသို့ တစ်စုတစ်ပေါင်းတည်း ရောက်ရှိလာအောင်
...အဖြစ် ဦးစီးခေါင်းဆောင်လုပ်ဆောင်ပေးနိုင်၍ ပြည်ထောင်စုကြီးအတွက် မီးရှူးတန်ဆောင်ပမာဖြစ်

စုံစုံညီညီ တစည်းတလုံးတည်း လက်နက်နှင့် ငြိမ်းချမ်းရေးအပြီး အပိုင်လဲလှယ်အပ်နှံခြင်းသည် ပြည်သူများအားလုံး လိုလားတောင့်တနေကြသည့် ပြည်သူ့ဆန္ဒ အစစ်အမှန်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ရောက်အောင် ကိုယ်တိုင်ပါဝင်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြခြင်းဖြစ်သည့်အတွက်၊ နိုင်ငံတော်ကြီးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အေးမြသည့်၊ နွေးထွေးသည့်

ဦးအိုက်မုန်းနှင့်တကွ စိတ်တူ၊ ကိုယ်တူ တပေါင်းတစည်းတည်း ညီညွတ်စွာဖြင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလာခဲ့ကြသော ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူး ဦးဟန်သိန်း၊ တပ်ရင်းမှူး ဦးအောင်ပေ၊ တပ်ရင်းမှူး ဦးပန်စိယ၊ တပ်ရင်းမှူး၊ ဦးအိုက်ဆာမ် အပါအဝင် PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင် ညီအစ်ကိုအားလုံးသည်

၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံး၊ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

မေတ္တာကိုလည်း ဦးအိုက်မုန်းတို့ တပ်ဖွဲ့ဝင်များအားလုံး ချက်ချင်းလက်ငင်း ရရှိခံစားနေကြရပြီ ဖြစ်ကြောင်းကို နိုင်ငံတော်ကိုယ်စားရင်တွင်းက စေတနာအမှန်ဖြင့် ဂုဏ်ပြုပြောကြားလိုကြောင်း။

လည်းပဲ ပလောင်တိုင်းရင်းသား သွေးချင်းများအတွက် သာမက ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းရင်းသား ညီအစ်ကို အဖွဲ့အစည်းအားလုံးတို့ကို လမ်းကြောင်းမှန်တစ်ခုတည်းသို့ တစ်စုတစ်ပေါင်းတည်း ရောက်ရှိလာအောင် **"ရှေ့ဆောင်လမ်းပြ စံနမူနာအဖြစ် ဦးစီးခေါင်းဆောင်"** လုပ်ဆောင်ပေးနိုင်ခဲ့ကြခြင်းကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီး အတွက် **"မီးရှူးတန်ဆောင်"** ပမာဖြစ်ကြောင်း ဂုဏ်ပြုပြောကြားလိုကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်

၁၉၉၁ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့ အားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေး ကေန်မလွဲဖော်ဆောင်နိုင်တော့မည်

❒ နိုင်ငံတော်အကြီးအကဲက "ပြည်သူများ လိုလားတောင့်တနေကြတဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်နိုင်ဖို့အတွက် ဒို့ပြည်သူတွေကို တရားဥပဒေဘောင်အတွင်းအပြည့်အဝ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်ကာကွယ်ပေးနိုင်ရေးဟာ အခြေခံမရှိမဖြစ် လိုအပ်သည့်အချက် ဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားထား၊

❒ ယခုကဲ့သို့ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား တိကျခိုင်မာ ပြတ်သားသောဆုံးဖြတ်ချက်ဖြင့် ဦးအိုက်မုန်းနှင့် ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်အားလုံး တစည်းတလုံးတည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံး၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နေ့စဉ်နှင့်အမျှ လိုလားတောင့်တနေကြသည့် ထာဝရငြိမ်းချမ်းရေးကို ကေန်မလွဲ ဖော်ဆောင်နိုင်တော့မည်ဖြစ်၊

❒ နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သော "ပြည်ထောင်စု မပြိုကွဲရေး"၊ "တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး"၊ "အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တို့အတွက် မိမိတို့တစ်တွေအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ ကြိုးပမ်းထမ်းဆောင်။

ဗိုလ်ချုပ်မြင့်လှိုင်

အာဟာရပြည့်ဝ နိုင်ငံခြားငွေရစေသည့် တီလားပီးယားငါးမွေးမြူရေး

ခိန်ရွှေလှိုင်

၂၁ ရာစုသစ် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးသည် စားသောက်နေထိုင်မှုပေါ်တွင် မူတည်၍ ရောဂါဘယ ပိုမိုများပြားလာသည်။ အဆီ၊ အဆိမ့်၊ အချိုများ စားသောက်မှုကြောင့်လည်း သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ ဖြစ်စေသည်။ ထို့ကြောင့်လည်း အဆီ၊ အဆိမ့်၊ အချိုများ လျှော့၍ စားသောက်ရန် သတိပေး နှိုးဆော်မှုများ ပေါ်လာသည်။

အသားများ၌ အဆီဓာတ်ပါဝင်မှု ဝက်သားတွင် ၃၅ ရာခိုင်နှုန်း၊ ကြက်သားတွင် ၂၅ ရာခိုင်နှုန်း၊ အမဲသားတွင် ၂၂ ရာခိုင်နှုန်း၊ ဘဲသားတွင် ၆ ရာခိုင်နှုန်း၊ ပုစွန်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်း၊ ငါးတွင် ဝ ဒသမ ၉ ရာခိုင်နှုန်း ပါဝင် ကြရာ အဆီနည်းပါးသောငါးကို စားသောက်ကြရန် နှိုးဆော် တိုက်တွန်းမှုများ ပြုလာကြသည်။

မြန်မာနိုင်ငံသည် ရေမြေ သယံဇာတ ပေါကြွယ်ဝပြီး ပင်လယ်ရေပြင်နှင့် ဆက်စပ်နေရာ ငါးမွေးမြူရေးအတွက် အလွန်ကောင်းမွန် သင့်တော်သည်။ ရေးဦးမဆွကပင် အင်း၊ အိုင်၊ မြစ်၊ ချောင်းများတွင် ရေချိုငါး မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ခဲ့ပြီး ပင်လယ်ပြင်တွင် ရေငန်ငါးဖမ်းလုပ်ငန်း လုပ်ဆောင်လျက်ရှိသည်။ ရေချိုမွေးမြူရေးလုပ်ငန်းတွင် နောက်ဆုံးစာရင်းအရ ငါးမွေးမြူရေးကန် ဧရိယာ စုစုပေါင်း ၁၆၈၅၅၉ ဒသမ ၄၄ ဧက ရှိသည်။ ငါးမွေးမြူရေးသည် လွယ်ကူ၍ စီးပွားရေးအရ တွက်ခြေကိုက်သဖြင့် ရေချိုငါး မွေးမြူရေးကို နှစ်စဉ် တိုးချဲ့လျက်ရှိသည်။ ထိုသို့ တိုးချဲ့မွေးမြူရာတွင် မြန်မာနိုင်ငံ၌ ငါးမြစ်ချင်းကိုသာ အဓိကထား မွေးမြူလျက်ရှိရာ ၇၅ရာခိုင်နှုန်းခန့် ရှိသည်။ ငါးတန်၊ ငါးကြင်းဖြူ၊ ငါးသိုင်း ခေါင်းပွ၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ရေချိုငါးမုတ်၊ တီလားပီးယားငါးများက ၂၅ရာခိုင်နှုန်းသာ ရှိသည်။

> **မျိုးကောင်းမျိုးသန့် အာဟာရပြည့်ဝ နိုင်ငံခြားငွေ ရရှိသည့် တီလားပီးယားငါးများအား တွေ့မြင်ရစဉ်။**

မြန်မာနိုင်ငံတွင် တီလားပီးယားငါးသည် ရှင်သန်မှုကောင်းမွန်ပြီး မြောင်းကြို မြောင်းကြား နေရာအနှံ့တွေ့ရှိနိုင်၍ လူသိများသည်။ ဈေးနှုန်းကသက်သာ၍ အဖိုးနည်းဝန်ပါ စားသုံးသူများအကြိုက်တွေ့သည်။ ဈေးနှုန်းသက်သာ အာဟာရပြည့်စွာ စားသုံးရ၍လည်း ငွေကြေးအရ တွက်ခြေကိုက်ပြီး ကျန်းမာရေးအတွက် ကောင်းမွန်သည်။

ကျန်းမာခြင်းအတွက် သားငါးကိုစားသုံးရန် တိုက်တွန်းနှိုးဆော်နေသည့် ယနေ့ကမ္ဘာတွင် ငါးမွေးမြူရေးလုပ်ငန်းကို ပိုမိုအာရုံစိုက်ကြိုးပမ်းလုပ်ကိုင်လာကြသည်။ ငါးမျိုးကောင်း၊ မျိုးသန့်များ ရှာကြံဖန်တီး မွေးမြူလာကြသည်။ အရောင်လှသော၊ ကြီးထွားမှုနှုန်းကောင်းသော၊ အရိုးနည်းသော၊ အရသာပိုကောင်းသော၊အသားများသော မျိုးကောင်းမျိုးသန့် တီလားပီးယားငါးများ စမ်းသပ်မွေးမြူ ထုတ်လုပ်လာခဲ့သည်။ ကမ္ဘာ့ရေချိုငါးမွေးမြူရေးလုပ်ငန်း အောင်မြင်လာခဲ့သည်။ မျိုးကောင်းမျိုးသန့် တီလားပီးယား ငါးမွေးမြူစားသုံးမှု ကမ္ဘာအနှံ့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မျိုးကောင်းမျိုးသန့် တီလားပီးယားငါးမျိုးသည် တစ်နှစ်ပတ်လုံး သားပေါက်သည်။ စတင်မွေးမြူသည်မှ ရှစ်လကြာလျှင် ဈေးကွက်ဝင်ငါးများဖြစ်လာသည်။ ရှစ်လတစ်ကြိမ် မွေးမြူနည်းဖြင့် ၂၄လကြာ မွေးမြူပါက တစ်ဧကငါးပိဿာချိန် ၄၅၀၀ ထွက်ရှိသည်။ တီလားပီးယားငါးသည် အလယ်ကျောရိုးမ တစ်ရိုးသာပါ၍ အရိုးနည်းသည်။ ဇွန်း၊ ခက်ရင်းတို့ဖြင့်လည်း စား၍ ရသည်။ မြန်မာလူမျိုးတို့ စားလေ့ရှိသော ငါးပြေမ၊ ငါးခူ၊ ငါးရံ့၊ ကကတစ်ငါးမျိုးထက် အရသာမလျော့။ မုန့်ဟင်းခါးချက်စားရာတွင် ငါးပြေမထက်ပင် အရသာပိုမိုကောင်းမွန်သည်။ တီလားပီးယားငါးကင်က စား၍ကောင်းလှသည်။

မျိုးကောင်းမျိုးသန့်တီလားပီးယားငါးကိုစားခြင်းအားဖြင့် ကိုယ်တွင်း အဆီလျော့နည်းစေပြီး သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများကို ကာကွယ်ပေးသည်။ သာမန်လေးဘက်နာရောဂါကို သက်သာစေပြီး လူ၏ဦးနှောက်ဖွံ့ဖြိုးတိုးတက်စေရုံသာမက မှတ်ဉာဏ်ကိုလည်း ကောင်းစေသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံစုံ၊ လူမျိုးစုံက မျိုးကောင်းမျိုးသန့် တီလားပီးယားငါးများကို ပိုမိုစားသုံးလာကြသည်။ ကမ္ဘာအနှံ့ မွေးမြူစားသုံးသူများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ မျိုးကောင်းမျိုးသန့် တီလားပီးယား ငါးဈေးကွက်သည် နိုင်ငံတကာဈေးကွက်ကြီး အဖြစ်သို့ ကြီးမားကျယ်ပြန့်လာခဲ့သည်။

မြန်မာနိုင်ငံသို့ ၁၉၈၀ပြည့်နှစ်က ရောက်ရှိလာသည့် တီးလားပီးယားငါးသည် အရောင်လှ၊ အရိုးနည်း၊ အရသာပြည့်ဝလှသဖြင့် လူကြိုက်များကာ ကမ္ဘာ့ငါးဈေးကွက်သို့ပင် ဝင်ဆံ့ကာ အရောင်းသွက်လျက် ရှိသည်။ ပြီးခဲ့သည့်နှစ်က မြန်မာ့တီလားပီးယားငါး စုစုပေါင်း ၅၀၇တန် တင်ပို့ခဲ့ရသည်။ဆော်ဒီအာရေဗျနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ရပြီး အာရပ်စော်ဘွားများနိုင်ငံသို့ ဒုတိယ အများဆုံး၊ ဗြိတိန်နိုင်ငံသို့ တတိယအများဆုံး၊ စင်ကာပူနိုင်ငံသို့ စတုတ္ထအများဆုံး၊ တောင်ကိုရီးယားနိုင်ငံသို့ ပဉ္စမအများဆုံးတင်ပို့ရောင်းချခဲ့ရသည်။ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၂၀၀၀၀ ရရှိခဲ့သည်။

ကျန်းမာခြင်းအတွက်စားသုံးရာတွင် အထောက်အကူပြု၊ အာဟာရလည်း ပြည့်ဝ၊ စားသုံးရာတွင်လည်း အရသာရှိသည့် တီလားပီးယားငါးများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချမှု ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်၍ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေးအတွက် လှုံ့ဆော်စည်းရုံးသည့်အနေဖြင့် တီလားပီးယားငါးဈေးပွဲ တော်ကို အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းနှင့် ဆေးဝါးစက်ရုံ လမ်းထောင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဧပြီလ၃၀ရက် (ယနေ့)နှင့် မေလ၁ရက်တို့၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသ ကျင်းပမည်။

ဧပြီလ၃၀ရက် (ယနေ့) ညနေ၃နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ညနေ၃နာရီခွဲမှ ည၈နာရီခွဲအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ တီလားပီးယား ငါးဈေးပွဲတော်တွင် ငါးလုပ်ငန်းဦးစီးဌာနပြခန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ ချုပ်၏ပြခန်း၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ပြခန်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ပြခန်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ပြခန်း၊ ခေတ်မီငါးစာတောင့်စက်ရုံများပြခန်း၊ငါးမွေးမြူခြင်းနှင့် ဆက်နွှယ်သည့် ကုမ္ပဏီများ၏ ပြခန်း၊ ငါးမွေးမြူရေး လုပ်ငန်းရှင်များ၊ ငါးသားပေါက်ထုတ်လုပ်သူများ၏ပြခန်းများ စသည်တို့ ပါဝင် ပြသမည်ဖြစ်သည်။

ထို့ပြင် တီလားပီးယားငါး အကင်ဆိုင်နှစ်ဆိုင်၊ တရုတ်နည်းဖြင့် ချက်ပြုတ်သည့်ဆိုင်သုံးဆိုင်၊ အိန္ဒိယနည်းဖြင့် ချက်ပြုတ်သည့်ဆိုင်နှစ်ဆိုင်၊ မြန်မာ့ရိုးရာထမင်းဆိုင် နှစ်ဆိုင်၊ ငါးခေါက်ဆွဲနှင့် ငါးကြေးအိုးဆိုင်သုံးဆိုင်၊ မုန့်ဟင်းခါးဆိုင်နှစ်ဆိုင်၊တီလားပီးယားငါးအသားလွှာ၊ ငါးအူချောင်း၊ ငါးဆုပ်လုံးဆိုင်များလည်း ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်သည်။

တီလားပီးယားငါးဈေးပွဲတော်သို့ သွားရောက်လေ့လာ၍ မြန်မာ့ရေမြေ သယံဇာတနှင့်ကိုက်ညီပြီး နိုင်ငံတကာငါးဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်နေသော မျိုးကောင်းမျိုးသန့် တီလားပီးယားငါးများကို တိုးချဲ့မွေးမြူကာ ကျန်းမာခြင်းနှင့် ကိုက်ညီ၊ အာဟာရပြည့်ဝရေး၊ နိုင်ငံခြားငွေ ရရှိရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> မြန်မာနိုင်ငံသို့ ၁၉၈၀ပြည့်နှစ်က ရောက်ရှိလာသည့် တီလားပီးယားငါးသည် အရောင်လှ၊ အရိုးနည်း၊ အရသာပြည့်ဝလှသဖြင့် လူကြိုက်များကာ ကမ္ဘာ့ငါးဈေးကွက်သို့ပင် ဝင်ဆံ့ကာ အရောင်းသွက်လျက်ရှိ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပေးအပ်လှူဒါန်း

အာရှမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေးဝန်ကြီးဌာန ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံသို့ ဧပြီ၄ရက်က Ultrasound တစ်လုံး ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ဒါရိုက်တာ မစ္စတာ အီစာဂါဝါအာခိဟိကိုက ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကျန်းမာရေး)

စာမျက်နှာ ၉ မှ

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့၏ ခိုင်မာမှန်ကန် ပြတ်သားသည့် ဆုံးဖြတ်လုပ်ဆောင်ချက်များအပေါ် တိုင်းမှူးတစ်ယောက်အနေဖြင့် ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညီအစ်ကိုများ၏ နယ်မြေဒေသ လုံခြုံရေး၊ စားဝတ်နေရေး အခြေခံလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အထူးအလေးထား အာရုံစိုက်ပြီး အတတ်နိုင်ဆုံး ပံ့ပိုး၊ ဖြည့်ဆည်း၊ ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်ကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံ လိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက် ပေးသွားနိုင်ရန်အတွက် စဉ်ဆက်မပြတ် တင်ပြ၊ တောင်းခံ၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းကိုလည်း ကတိပြု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့အခမ်းအနားကို တက်ရောက်လာကြသော တိုင်းရင်းသား သွေးချင်းညီအစ်ကိုများအားလုံးနှင့် ဦးအိုက်မုန်း ဦးစီးသော PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးတို့နှင့်အတူ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ ကြီးမားလှစွာသော မေတ္တာ၊ စေတနာကို အလေးအနက်ခံယူကြပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မပြတ်လမ်းညွှန် မိန့်ကြားထားရှိသည့် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သော“ပြည်ထောင်စု မပြိုကွဲရေး”၊ “တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး”၊ “အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး”တို့အတွက် မိမိတို့တစ်တွေအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီ ကြိုးပမ်းထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်၊ ဦးဟန်သိန်း၊ ဦးအောင်ပေ၊ ဦးပန်စိယတို့က လက်နက်များကို အပ်နှံကြသည်။

PSLAပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ကအပ်နှံသော လက်နက်များမှာ ၈၁–မမ စိန်ပြောင်းတစ်လက်၊ ၆၀–မမ စိန်ပြောင်းငါးလက်၊ နှစ်လက်မ စိန်ပြောင်း ခြောက်လက်၊ ဘီအေ (၁၀၃) တစ်လက်၊ ၅၇–မမ နောက်ပွင့် တစ်လက်၊ RPG လောင်ချာတစ်လက်၊ ဟိုမိန်းလုပ် လောင်ချာ တစ်လက်၊ 7B လောင်ချာ တစ်လက်၊ M7 လောင်ချာ နှစ်လက်၊ အမ်(၇၂) လောင်ချာ တစ်လက်၊H-K33 တစ်လက်၊ အမ် (၇၉) ရှစ်လက်၊ အမ်ဂျီ (၄၂) စက်လတ် တစ်လက်၊ အမ်(၂၃) တရုတ်စက်လတ် ဆယ်လက်၊ ပွိုင့်–၃၀၃ ဘရင်းဂန်းသုံးလက်၊ ဘီအေ(၆၄) ခုနစ်လက်၊ ဘီအေ (၆၃) ၁၇ လက်၊ ဘီအေ(၇၂) ကိုးလက်၊ ဘီအေ (၉၄) တစ်လက်၊ ဘီအေ(၅၂) နှစ်လက်၊ ကာဘိုင် ၃၇ လက်၊ အမ် (၂၂) ၅၆ လက်၊ အမ် (၂၁) ၁၃၇လက်၊ အမ် (၁၆) အလက် ၆၀၊ အမ်(၁၄) ခုနစ်လက်၊ ၉–မမ ပစ္စတို နှစ်လက်၊ ဘရောင်နင်ပစ္စတို တစ်လက်၊ Handle ပစ္စတို နှစ်လက်၊ အမ် (၂၀) ၃၃ လက်၊ ပွိုင့်၃၈ သုံးလက်၊ပွိုင့် ၂၂၅ တစ်လက်၊ ခြောက်လုံးပြူး နှစ်လက် အပါအဝင် စုစုပေါင်း လက်နက်မျိုးစုံ ၄၂၀၊တင့်ဖျက်မိုင်း တစ်လုံး၊ နင်းမိုင်း တစ်လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၁၈လုံး၊ ကျည်ကပ်မျိုးစုံ ၅၇ ခု၊ ဆက်သွယ်ရေးစက်မျိုးစုံ ငါးလုံး၊ ခွင်းကျည်နှင့်ဗုံးသီးမျိုးစုံစုစုပေါင်း ၃၁၃ ခု၊ ခဲယမ်းမျိုးစုံ စုစုပေါင်း၁၉၉၀၆တောင့်တို့ဖြစ်သည်။

ယင်းနောက် အစီအစဉ်အရ PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းက ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် လဲလှယ်အပ်နှံဆောင်ရွက်ရသည့် အကြောင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(PSLAပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်း၏ ကျေးဇူးတင်စကားကို စာမျက်နှာ (၄)၌ ဖော်ပြထားပါသည်။)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀၊ စားသုံးဆီပိဿာ ၁၀၀နှင့် ဝတ်စုံ ၄၀၀ တို့ကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ပေးအပ်စဉ်။

(သတင်းစဉ်)

လက်နက်များအပ်နှံ

ထို့နောက် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံသည့် အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ ခေါင်းဆောင်ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့က လက်နက်များကို အပ်နှံကြသည်။

ထောက်ပံ့ပစ္စည်းပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးအားပေးအပ်စဉ်။

(သတင်းစဉ်)

လက်နက်အပ်နှံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းက လက်နက် အပ်နှံစဉ်။

(သတင်းစဉ်)

ကျေးဇူးတင်စကားပြော

ဆက်လက်၍ PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်က ၎င်းတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လဲလှယ်ရခြင်း အကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမိုင်းအုဏ်းခိုင်၏ ကျေးဇူးတင်စကားကို စာမျက်နှာ(၅)၌ဖော်ပြထားပါသည်။)

ထို့နောက် ဒေသခံတအောင်း ပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့်နမ့်ဆန်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့် ပြောကြားသည်။

(ဒေသခံ တအောင်း ပလောင်တိုင်းရင်းသား ရပ်မိရပ်ဖ ဦးခွန်ပွင့်၏ ဝမ်းမြောက် ကျေးဇူးတင်စကားကို စာမျက်နှာ(၅)၌ ဖော်ပြထားပါသည်။)

ဆက်လက်၍ ဒေသခံ တအောင်းပလောင်တိုင်းရင်းသူ မနန်းမြစိန်က ဦးအိုက်မုန်းနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်စားလှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုကြောင်းနှင့် မန်တုံနှင့်နမ့်ဆန်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ပလောင်ဘာသာတို့ဖြင့်ပြောကြားသည်။

(ဒေသခံ တအောင်းပလောင်တိုင်းရင်းသူမနန်းမြစိန်၏ ဝမ်းမြောက်ကျေးဇူးတင်စကားကို စာမျက်နှာ(၆)၌ ဖော်ပြထားပါသည်။)

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

အပြန်အလှန်ယုံကြည်မှု ခိုင်မာသည်ထက်ခိုင်မာအောင်တည်ဆောက်

- မြန်မာနိုင်ငံ၌ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သမိုင်းမတင်မီခေတ်ရေးပဝေသဏီကတည်းက ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြခြင်းကြောင့် နေရာတိုင်း၊ ဒေသတိုင်းတွင် တိုင်းရင်းသားမျိုးနွယ်စုများသည် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်နှင့်အတူတကွ လက်တွဲနေထိုင်ခဲ့သည့် သွေးချင်းသားချင်းညီအစ်ကိုများဖြစ်၊
- ထို့အတူ မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံး၏ စည်းလုံးညီညွတ်မှုကိုလည်း ခိုင်မာသည်ထက်ပိုမိုခိုင်မာအောင် တည်ဆောက်နေရန် အဓိကလိုအပ်၊
- ၁၉၈၈ခုနှစ် တပ်မတော်အစိုးရ တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီး ၁၇ဖွဲ့အပါအဝင် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာခဲ့ကြပြီး နိုင်ငံတော်အစိုးရနှင့် အပြန်အလှန် ယုံကြည်မှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင်တည်ဆောက်ကြရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပူးတွဲလုပ်ဆောင်လာနိုင်ခဲ့သည့်အတွက် နယ်မြေဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုလည်း အထိုက်အလျောက်တည်ဆောက်နိုင်၊

စာမျက်နှာ ၅ မှ

ဆိုတော့ ဒီဒုက္ခကနေ လွတ်မြောက်မယ်လို့ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ပါဘူး။ ကျွန်တော့်တစ်သက်မက ကျွန်တော်က မွေးဖွားတဲ့ သားသမီးများတစ်သက် အဆက်ဆက်ခံစားနေရဦးမယ်လို့ စိတ်မကောင်းစွာနဲ့ပဲ ဒီဒုက္ခတွေကို လက်ခံနေခဲ့ရပါတယ်။

ဆက်ကြေးဆိုရင်လည်း အမျိုးမျိုးပါပဲ။ လယ်ပိုင်ဆိုင်မှုအရ ဆန်ပေးရတာကလည်း အိမ်ထောင်စုတစ်စုဟာ တစ်နှစ်ကို ဆန်တစ်တင်းခွဲ၊ နှစ်တင်းကနေ ခြောက်တင်း၊ ခုနစ်တင်းအထိ ပေးရပါတယ်။ ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသား တအောန်းပလောင်တွေဟာ လယ်များများပိုင်ဆိုင်မှု မရှိပါဘူး။ လယ်မပိုင်တဲ့သူတွေဖြစ်တဲ့အတွက် တောင်ယာကို ပင်ပန်းကြီးစွာ တောခုတ် ရှင်းလင်းပြီး စိုက်ပျိုးရပါတယ်။ တစ်နှစ်လုံးစိုက်လို့ ဝမ်းစာရတာ မရတာ၊ လုံလောက်မှုရှိတာ၊ မရှိတာဂရုမစိုက်ပါဘူး။သူတို့အတွက်ကတော့ သတ်မှတ်ထားတဲ့အတိုင်း ဆန်တွေကို ပေးရပါတယ်။

လက်ဖက်ဆိုရင်လည်းရရှိတဲ့အပေါ်မူတည်ပြီးတစ်နှစ်ကို တစ်ပိဿာရရင် ငါးကျပ်နှုန်းပေးရပါတယ်။ဒီလက်ဖက်ပင်တွေ၊ လယ်ကွက်တွေ၊ တောင်ယာတွေဟာ လက်နက်ကိုင်သောင်းကျန်းသူတွေက ဖော်ထုတ်စိုက်ပျိုးပေးထားတာမဟုတ်ပါဘူး။ ကျွန်တော်တို့ အဘိုး၊ အဘွားတွေရဲ့ ရွှေးသွေးတွေနဲ့ ဖော်ထုတ်စိုက်ပျိုးပေးခဲ့တဲ့ အမွေတွေဖြစ်ပါတယ်။

ရာသီဥတု မိုးလေဝသကောင်းလို့၊ သီးနှံတွေ အထွက်နှုန်းကောင်းလို့ ဝင်ငွေများများရပြီး ဒေသမှာ သုံးစွဲဖို့ ထော်လာဂျီလေးတွေ ဝယ်ယူပိုင်ဆိုင်ရင်လည်း အခွန်အခပေးရတာပါပဲ။ ထော်လာဂျီတစ်စီး ကျပ်၅၀၀၀နဲ့ ကားတစ်စီးကျပ်၁၀၀၀၀ နှစ်စဉ်ပေးဆောင်ရပါတယ်။ကိုယ့်လုပ်အားနဲ့ ကိုယ်လုပ်လို့အပိုဝင်ငွေရရှိပြီးစီးပွားရေးတိုးတက်လာရင် တိုးတက်လာသလို ပိုင်ဆိုင်တဲ့ စီးပွားဥစ္စာပေါ်မူတည်ပြီး နှစ်စဉ်အခွန်အကောက် ဆက်ကြေးပေးနေရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရှမ်းပြည်နယ်တစ်ခွင်လုံးမှာလည်း လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းတိုင်းဟာ ကျွန်တော်တို့ တအောန်းပလောင် ဒေသတွေလိုပဲ လယ်ယာ၊ သီးနှံ၊ နာနတ်၊ လိမ္မော်၊ တညင်း၊ လိုက်ချီးကအစ ထွက်သမျှ သီးနှံအပေါ်မှာ အနည်းဆုံး တစ်ပိဿာကျပ်၂၀နှုန်း ကောက်ခံကြတာပါပဲ။ ပိုင်ဆိုင်သမျှ ကျွဲ၊ နွား၊ လှည်းကအစ သွပ်မိုးအိမ်၊ ထော်လာဂျီ၊ မော်တော်ကား စတာတွေအပေါ် ကျပ် ၁၀၀၀မှအစ ကျပ်၅၀၀၀အထိ ဆက်ကြေး ကောက်ခံနေကြတာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်တော့ အသက်တောင်ပြင်းပြင်းမရှူနိုင်လောက်အောင် မွန်းကျပ်နေခဲ့တာ ကြာခဲ့ရပါပြီ။

သွားချင်တိုင်းမသွားရ၊ စားချင်တိုင်း မစားရ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေဟာတိုးတက်မလာဘဲ ကျဆင်းနေခဲ့တာ ကာလကြာရှည်ခဲ့ပြီ ဖြစ်ပါတယ်။၁၉၈၈–၁၉၉၀ခုနှစ်နောက်ပိုင်းမှာတော့ တပ်မတော်အစိုးရလက်ထက်မှာ တိုက်ပွဲတွေဖြစ်ပွားမှု မရှိတော့ဘဲ လက်နက်ကိုင် သောင်းကျန်းသူတွေ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ နေထိုင်သွားပါမယ်လို့ကြွေးကြော်သော်လည်း တိုက်ပွဲတွေ မဖြစ်တော့တာကလွဲလို့ တိမ်ဖုံးနေတဲ့ လပြည့်ညလို ပြည်သူတွေ ဘဝမှာ အခွန်အခ ဆက်ကြေးတွေကတော့ ပေးနေခဲ့ရဆဲပါပဲ။ အခွန်အခ ဆက်ကြေးတွေပေးနေရတဲ့ ဒုက္ခက ပြည်သူတွေ အမှန်တကယ် လွတ်မြောက်တော့မှာ ဖြစ်တဲ့အတွက် ဝမ်းမြောက်ကြည်နူးမဆုံး ခံစားနေမိပါတယ်။

ကျွန်တော့်အနေနဲ့ အများပြည်သူလူထုကို ပြောလိုတာကတော့ ကျွန်တော်တို့ဒေသအပါအဝင် မြန်မာပြည်တစ်လွှား သောင်းကျန်းသူတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေရှိတဲ့ ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေဟာ စောစောက ကျွန်တော်ပြောခဲ့ပြီးဖြစ်တဲ့ဒုက္ခတွေကိုခံစားနေကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသူ တိုင်းရင်းသားဒေသခံ လူမျိုးစုတွေရဲ့ အကျိုးကိုကာကွယ်ဖို့၊ ကျွန်တော်တို့ လွတ်မြောက်ဖို့လို့ ကြွေးကြော်နေတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေက လက်တွေ့မှာ လူထုကို အမှန်တကယ် ဝန်ထုပ်ဝန်ပိုး ပေးနေခဲ့ကြတာဖြစ်ပါတယ်။

လိုလားတောင့်တခဲ့ကြ

ကျွန်တော်တို့ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူလူထုအတွက် ပြည်သူလူထု လွတ်မြောက်ရေး၊ တိုးတက်ရေးဆိုပြီး ကြွေးကြော်ခဲ့ကြတဲ့ လက်နက်ကိုင် သောင်းကျန်းသူတွေဟာတကယ်တော့ပြည်သူလူထုအတွက် မဟုတ်ဘဲ သူတို့အတွက် သူတို့လုပ်နေကြတာဖြစ်ပါတယ်။ကျွန်တော်တို့ ရှမ်းပြည်နယ် အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ လွတ်မြောက်ရေးဟာ တကယ်တော့ လက်နက်ကိုင် သောင်းကျန်းသူများရဲ့ ဖိနှိပ်ချုပ်ချယ်မှု ဝန်ထုပ် ဝန်ပိုးအောက်က လွတ်မြောက်ရေးသာ ကျွန်တော်တို့ လိုလားတောင့်တနေခဲ့ကြတာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ မေတ္တာ၊ စေတနာကို ယုံကြည်ကိုးစားမှု ရှိလာကြပြီး ဦးအိုက်မုန်း ခေါင်းဆောင်တဲ့ PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့ဝင်တွေအားလုံး လက်နက်နဲ့ ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်တော့မယ့်သတင်းကို ကြားသိရတဲ့အချိန်မှာ သာဓု အကြိမ်ကြိမ် ခေါ်ဆိုရင်း ဒီသတင်းမှန်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သခဲ့ရပါတယ်။

ဝမ်းမြောက်မဆုံးခံစားမိ

အခုတော့ ဒါတွေလက်တွေ့ဖြစ်လာခဲ့ပါပြီ။ ဒီနေ့ဆိုရင် ကျွန်တော်တို့ တအောန်းပလောင်ဒေသမှာ လက်နက်စွဲကိုင်ထားတဲ့ ပလောင်လွတ်မြောက်ရေးအဖွဲ့ဟာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ အဆင့်ကနေ စွဲကိုင်ထားတဲ့ လက်နက်တွေကို အပြီးအပိုင် အပ်နှံစွန့်လွှတ်လိုက်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအပေါ် ဝန်ထုပ်ဝန်ပိုး ဖိစီးနေတဲ့

ငြိမ်းချမ်းရေးလမ်းကြောင်းမှန်

အမှန်တကယ် ကျွန်တော်တို့ လူမျိုးစု၊ ဒေသခံတိုင်းရင်းသားတွေရဲ့ ခံစားနေရတဲ့ဒုက္ခတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းများရဲ့ ဖိနှိပ်ခံနေရတဲ့ ဒုက္ခတွေ၊ ကိုယ်လုပ်ရတဲ့ ကိုယ့်ဝင်ငွေ၊ ကိုယ်စိုက်လို့ရတဲ့ ကိုယ့်သီးနှံတွေကို မစားရဘဲ ဆက်ကြေးအဖြစ် ခွဲဝေပေးနေရတဲ့ ဒုက္ခက လွတ်မြောက်စေချင်ရင်တော့ လက်နက်ကိုင်ပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့အစည်းတွေ၊ လက်နက်ကိုင်စွဲလျက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့အစည်းတွေဟာ ယနေ့ကျင်းပတဲ့ ပလောင်လွတ်မြောက်ရေးတပ် PSLAအဖွဲ့ကဲ့သို့ ကိုင်စွဲထားသော လက်နက်တွေကို ငြိမ်းချမ်းရေးနဲ့ အပြီးအပိုင် လဲလှယ်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး နေ့စဉ်နဲ့အမျှ လိုလားတောင့်တနေကြတဲ့ ထာဝရ ငြိမ်းချမ်းရေး လမ်းကြောင်းမှန်ပေါ် တက်လှမ်းနိုင်ကြပါစေလို့အလေးအနက် ဆန္ဒပြု မေတ္တာရပ်ခံအပ်ပါတယ်။

ဒီကနေ့ နမ့်ဆန်၊ မန်တုံဒေသမှ ဦးအိုက်မုန်း ခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့က ဒေသနေပြည်သူများရဲ့ ထာဝရအကျိုးကို ရှေးရှုပြီး လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်အပ်နှံ လဲလှယ်နိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူ တစ်ရပ်လုံးနှင့်ထပ်တူထပ်မျှ ဝမ်းမြောက် ဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက် ပြည်သူလူထုတစ်ရပ်လုံး ကိုယ်စားလှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ဂုဏ်ပြုပစ္စည်းများပေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်သည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအိုက်ဆာမ်နှင့် ဦးဟန်သိန်းတို့အား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် PSLAပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိ ဦးအောင်ပေနှင့် ဦးပန်စိယတို့အား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀၊ စားသုံးဆီ ပိဿာ ၁၀၀ နှင့် ဝတ်စုံ ၄၀၀ တို့ကို PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးညီလုံးတို့အား ပေးအပ်သည်။

ထို့နောက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

လက်နက်ခဲယမ်းများကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများသည် PSLA ပလောင်လွတ်မြောက်ရေး တပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သည့် အဝတ်အထည်များနှင့် ဂုဏ်ပြုပစ္စည်းများ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်းနှင့် တာဝန်ရှိသူများ၊ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ PSLA ပလောင် လွတ်မြောက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဥက္ကဋ္ဌဦးအိုက်မုန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ ဦးအုန်မုန်းနှင့်တာဝန်ရှိသူတို့က မန်တုံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေတာဝန်ခံဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မန်တုံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး မန်တုံ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဆက်လက်စီစဉ် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့ အောင်မင်္ဂလာမြို့လယ်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မန်ကန်ဆရာတော် ဘဒ္ဒန္တ နာရဒ၊ အောင်မင်္ဂလာမြို့လယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မပိယတို့အား ဖူးမြော်ကြည်ညို၍လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ လက်ထောက်ဆရာဝန် ဒေါက်တာချိုနိုင်နှင့် သူနာပြု ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးပေးခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည်ဓာတ်မှန်ဆောင်ဆောက်လုပ်မည့်နေရာကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများအတွက် ပံ့ပိုးငွေများကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မေတ္တာရှင်တရားပွဲ

ရန်ကုန် ဧပြီ ၂၉

မေတ္တာရှင်(ရွှေပြည်သာ) အရှင်သူမြတ်သည် အမရပူရမြို့နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက် နယ်မြေ(၃) ဓမ္မာရုံတွင် အလုပ်ပေးဝိပဿနာတရားတော်များကို မေ ၁ရက်မှ ၅ရက်အထိ ညစဉ် ၇ နာရီမှစ၍ ညစဉ် ငါးညတိုင်တိုင် ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် 2005 Davis Cup-Asia Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် တတိယနေ့ပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် ဘင်္ဂလားဒေ့ရှ်အသင်းက ယူအေအီးအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ ကာဂျစ်(စ်)တန်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ အိုမန်အသင်းက အီရတ်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း၊ မြန်မာအသင်းက ဂျော်ဒန်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့သည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ပွဲစဉ်များကို ဧပြီ ၃၀ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

အိုလံပစ်နေ့အထိမ်းအမှတ် (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၃ ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစား ပြိုင်ပွဲရုံ (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသား လူသစ်တန်းအဖွဲ့လိုက်ပြိုင်ပွဲ၊အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား လူသစ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ချီးမြှင့်မည်

ဆုကြေးမှာ သုံးယောက်တွဲ ပြိုင်ပွဲ(REGU)များအတွက် ပထမဆုဖလားနှင့်ငွေသားကျပ်သုံးသိန်း၊ဒုတိယ ဆုတံဆိပ်နှင့် ငွေသားကျပ်နှစ်သိန်း၊ တတိယဆု တံဆိပ်နှင့် ငွေသားကျပ် တစ်သိန်း၊ စတုတ္ထဆု ငွေသားကျပ် ငါးသောင်းကိုလည်းကောင်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲ(Double Regu) အတွက် ပထမဆုဖလားနှင့် ငွေသားကျပ် တစ်သိန်း ငါးသောင်း၊ ဒုတိယ ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်း၊ တတိယဆု တံဆိပ်နှင့်ငွေသားကျပ် ခုနစ်သောင်း ငါးထောင်နှင့် စတုတ္ထဆု ငွေသားကျပ် ငါးသောင်းကို လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ခွင့်ပြုမည်

ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အားကစားသမား ငါးဦး၊ အုပ်ချုပ်နည်းပြတစ်ဦး စုစုပေါင်းခြောက်ဦး ဖြစ်ပြီး အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲနှင့် အဖွဲ့လိုက်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖြစ်ဖူးသူ (စက်ဝိုင်း+ကြက်တောင်ခတ်အပါအဝင်) များတစ်သင်းလျှင် တစ်ဦးကျသာ ပါဝင်ခွင့်ပြုမည်ဖြစ်ကာကျန်အားကစားသမားများ မည်သူမဆိုပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ယခုလက်ရှိစခန်းဝင် လေ့ကျင့်နေသော မြန်မာ့အမျိုးသားလက်ရွေးစင်၁၄ဦး ပါဝင်ခွင့်မရှိကြောင်းသိရသည်။ အမျိုးသားလူသစ်တန်း နှစ်ယောက်တွဲနှင့် အဖွဲ့လိုက်ပြိုင်ပွဲ၌ အလွတ်တန်း အဆင့်ပြိုင်ပွဲများတွင် ဝန်ကြီးဌာန ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့ဖူးသူများနှင့် ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ လူသစ်တန်းပြိုင်ပွဲများတွင် ပထမနှင့်ဒုတိယရဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် အဖွဲ့လိုက်ပြိုင်ပွဲများတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် အဖွဲ့ချုပ်မှ ထုတ်ပယ်ခံရသူ၊ ကန့်သတ်ခံရသူများသည် ကန့်သတ်၊ ပိတ်ပင်သည့်အတိုင်း ဝင်ရောက်ကစားခွင့်မရှိကြောင်းသိရသည်။

အသေးစိတ်သိရှိလိုသော အချက်အလက်များကို ပိုက်ကျော်ခြင်းအားကစားရုံ (သုဝဏ္ဏ) ဖုန်း–၀၁–၅၇၇၄၆၁ နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး၊ အမှတ်၁၉ ရွှေပုန်းညက်ရိပ်မွန် ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၅၀၂၁၃၀၊ ၀၁–၅၀၁၈၅၉နှင့် ၀၁–၅၀၁၈၆၀တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ဘဏ္ဍာ/ အခွန်က သစ်တောရေးရာကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက သစ်တောရေးရာအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၉ မိနစ်အကြာတွင် လွင်ဦးက သွင်းယူပေးသည်။ ဘဏ္ဍာ/အခွန်အသင်းက အဆက်မပြတ်ထိုးဖောက်ကစားရင်း ပွဲချိန် ၃၃ မိနစ်တွင် စိုးမြတ်မင်းက ဒုတိယဂိုးသွင်းယူသည်။ သစ်တောရေးရာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် မင်းသူအောင်က သွင်းယူသဖြင့် ပထမပိုင်းအပြီး၌ ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် တတိယဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ကျော်သူရကသွင်းယူသဖြင့် ပွဲအပြီးတွင် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းက ၁၂ပွဲကစား (၃၆)မှတ်၊ သစ်တောရေးရာအသင်းက ၁၅ပွဲကစား (၃၃)မှတ် ရရှိထားကြသည်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်း အသင်းတို့(၃၆)မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ သစ်တောရေးရာအသင်းသည် ပွဲကုန်သွားပြီဖြစ်ရာ တတိယရရှိမည်ဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၃၀ရက်**(ယနေ့)** ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

စားပွဲတင်တင်းနစ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ပထမအကြိမ် မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မေ ၁၉ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် မြို့နယ်များ ဦးလှမျိုးခိုင် (အတွင်းရေးမှူး၊ ဖုန်း–၅၁၃၃၃၃/၂၇၃)နှင့် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတို့သို့ မေ ၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲယှဉ်ပြိုင် ပါးမားနှင့်စီအက်စ်ကေအေ သရေကျ၊ စပို့တင်းနိုင်

ပါးမား ဧပြီ ၂၉

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲပထမအကျော့ပွဲစဉ်များကို ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ ပါးမားအသင်းက စီအက်စ်ကေအေ မော်စကိုအသင်းကို ဂိုးမရှိသရေကစားပြီး စပို့တင်းအသင်းက အယ်လ်ခမာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပါးမားအသင်းနှင့်စီအက်စ်ကေအေ မော်စကိုအသင်းတို့သည် အင်နီယိုတာဒီနီကွင်းကြီး၌ ကြာသပတေးနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပါးမားတို့သည် ပွဲစဉ်တစ်လျှောက် စီအက်စ်ကေအေကို ခြိမ်းခြောက်နိုင်ခဲ့သည်။ သို့ရာတွင် ဂိုးသွင်းခွင့်များ နည်း၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။

စီအက်စ်ကေအေသည် ပါးမားကွင်းတွင် သရေကစားနိုင်ခဲ့၍ မိမိအိမ်ကွင်း ကန်ရမည့် ဒုတိယအကျော့တွင် အခြေအနေကောင်းတစ်ရပ် ရရှိလာနိုင်သည်။

ပါးမားနောက်တန်းလူ ကင်နာဗာရိနှင့် နောက်တန်းအလယ်လူဘိုဗိုတို့သည် ပွဲစဉ်တစ်လျှောက် ခြေစွမ်းပြ ကာကွယ်ကစားနိုင်ခဲ့သည်။ ပွဲချိန်၁၇ မိနစ်တွင် ပါးမားနောက်တန်းကစားသမား ဖီလစ်ပိုဆာဗီက ရော်ပိုလိုဆီသို့ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို ရော်ပိုလိုက ခေါင်းတိုက်သွင်းရာတွင် ဂိုးမဝင်ဘဲဖြစ်ခဲ့ရသည်။ နှစ်မိနစ်အကြာတွင် ပါးမားအသင်းမှ ပထမဆုံး ထောင့်ကန်ဘောကန်ရာ၌ ပါးမားကစားသမား ဖာဘီယိုဗစ်နာရိုလီက စီအက်စ်ကေအေဂိုးသမား အေကင်ဖီးဗ်၏ ဝဲဘက်ခြမ်းမှ ဖြတ်ပို့ရာ ရော်ပိုလို ဂိုးသွင်းခွင့်ရသော်လည်း ဂိုးမရခဲ့ပေ။

ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် စီအက်စ်ကေအေတို့ အကောင်းဆုံး ဂိုးသွင်းခွင့်ရရှိခဲ့ရာ ခရာဆစ် အကွက်ဆင်ပေးသော ဘောလုံးကို ဆမ်ဘာရက်က သွင်းယူရာ ဂိုးဘားတန်းပေါ် ကျော်သွားသည်။

စီအက်စ်ကေအေတို့သည် ဒုတိယပိုင်းပြန်စသည်နှင့်အဖွင့်ဂိုးရရှိရေး အတွက် တိုက်စစ်ဆင်ကစားခဲ့ရာ အသင်းလိုက်တက်၊ အသင်းလိုက်ဆင်းစနစ်ဖြင့် ကစားခဲ့သည်။သို့ရာတွင် ပါးမားနောက်တန်းလူများ၏ ခံစစ်ကောင်းမွန်မှုကြောင့် ဂိုးမရဘဲဖြစ်ခဲ့ရသည်။

ပါးမားအသင်းနှင့် စီအက်စ်ကေအေတို့ ယှဉ်ပြိုင်ကစားရာတွင် ပါးမားမှ ဖာဘီယိုဗစ်နာရိုလီနှင့် စီအက်စ်ကေအေမှ ချီဒီအိုဒက်(ဝဲ) တို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပွဲချိန် ၄၆ မိနစ်တွင် စီအက်စ်ကေအေကစားသမား ဗာရီဇောက်ကီက ပါးမားကစားသမား ဆော်ရမ်တီနိုအား လူချကစားခဲ့သဖြင့် ဒိုင်လူကြီးက ပြစ်ဒဏ်ဘောပေးခဲ့သည်။၎င်းပြစ်ဒဏ်ဘောကို ဗစ်နာရိုလီက ကန်သွင်းရာတွင် ဆိုရမ်တီနို ဂိုးသွင်းခွင့်ရသော်လည်း အေကင်ဖီးဗ် ပုတ်ထုတ်လိုက်၍ ဂိုးမရခဲ့ချေ။

စပို့တင်းနိုင်

စပို့တင်းအသင်းနှင့် အယ်လ်ခမာအသင်းတို့သည် ဂျို့စ်အယ်ဗလာဒီကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

စပို့တင်းအသင်းက အယ်လ်ခမာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိရာတွင် ပွဲပြီးရန် ၁၀ မိနစ်အလိုလူစားဝင်လာသူ တိုက်စစ်မှူးမော်ရီစီယိုပင်နယ်လာက အနိုင်ဂိုးသွင်းပေးခဲ့သည်။ ၎င်းသည် ပွဲချိန် ၆၈မိနစ်တွင် ရိုဂျာရီယိုအစားဝင်ကစားခဲ့ခြင်း ဖြစ်သည်။

ပွဲချိန် ၃၅ မိနစ်တွင် ဒန်နီလင်းဇတ်က အယ်လ်ခမာအသင်းအတွက် အဖွင့်ဂိုးသွင်းပေးခဲ့သည်။တစ်ချိန်တည်း မရှေးမနှောင်းမှာပင် ကင်မရွန်းတောင်ပံကစားသမား ရိုဒေါလ်ဒိုအာလာက စပို့တင်းအသင်းအတွက် ချေပဂိုးသွင်းပေးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိရေးအတွက် အကြိတ်အနယ်ထိုးဖောက်ကစားရာ ပွဲစပြီးနှစ်မိနစ်အကြာ၌ စပို့တင်းကစားသမား လိစ်ဒ်ဆွန်းက ရှိုင်ကျော့ဆီသို့ဖြတ်ပို့ရာ ကန်ချက်မမှန်၍ လွဲချော်သွားခဲ့ရသည်။

စပို့တင်းနှင့် အယ်လ်ခမာ အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် စပို့တင်းမှ အင်ဒါဘွန်ပေါ်ဂါ (ယာ)နှင့် လိစ်ဒ်ဆွန်း တို့က အယ်လ်ခမာ အသင်းမှ ဗင်ဂါလင်၏ ထိုးဖောက်မှုကို ပိတ်ဆို့ဟန့်တား ကာကွယ်ကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

စပို့တင်းမှ ဘရာဇီးနောက်တန်းကစားသမား ပေါ်ဂါချော်လဲကျသွားပြီး အယ်လ်ခမာတိုက်စစ်မှူး ဂါလင် အပိုင်ကန်သွင်းရာတွင် စပို့တင်းဂိုးသမား ရီကာဒို ကာကွယ်နိုင်ခဲ့သည်။

သို့ရာတွင် ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် စပို့တင်းတိုက်စစ်မှူး ပင်နယ်လာက အနိုင်ဂိုး သွင်းပေးနိုင်ခဲ့၍ လာမည့်လတွင် ပါးမား သို့မဟုတ် စီအက်စ်ကေအေနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနိုင်မည့် အိပ်မက်ကိုမက်နိုင်ခဲ့သည်။

အဆိုပါ ယူအီးအက်ဖ်အေဖလား ပထမအကျော့ ပွဲစဉ်အတွဲများသည် မေ ၅ ရက်တွင် ဒုတိယအကျော့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီး အနိုင်ရရှိသော အသင်းများ မေ ၁၈ ရက်တွင် ယူအီးအက်ဖ်အေဖလားကို လုကြရမည် ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀–၄–၂၀၀၅(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓမ္မာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမ သာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
၈:၁၀ ၇။ တေးဂီတအစီအစဉ်
၈:၂၀ ၈။ ဘိုင်းဒါးတံတား (ပဲခူးတိုင်း)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း–၃၀)
၁၃:၅၅ ၆။ **"အရိပ်အကဲ"** ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်၊ အောင်ခိုင် (ဒါရိုက်တာ–မောင်နှင်းမိုး)
၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇:၀၀ ၅။ နားဝင်ပီယံသူ့လက်သံ
၁၇:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
၁၇:၄၀ ၈။ **"ကောင်းခြင်းဝေဖြာ"** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး [ဒါရိုက်တာ–ကိုအောင်မိုး (ပဲရစ်)]
၁၇:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၂၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ"** (အပိုင်း–၁၇)
၁၉:၂၀ ၁၅။ အေးသာယာဝိုင်စပျစ်ခြံ
၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၇။ ထည်ဝါတင့်ဆန်း စပ်မျိုးသစ်ခွပန်း
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း–၃၆)

မကွေးမြို့နယ်တွင် အလှူရှင်စက်ရေတွင်းဖွင့်

ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရပြီ

မကွေး ဧပြီ ၂၀

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကွေးမြို့နယ်ဝါဂွမ်း စံပြကျေးရွာတွင် အလှူရှင်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၁ရက်က ကျင်းပရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းနှင့် စက်ရေတွင်းအလှူရှင် ဒေါ်ခင်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ စက်ရေတွင်းကို အလှူရှင် လှူဒါန်းငွေကျပ် ၁၀သိန်း၊ နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၅၅၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီ ဖြစ်ကြောင်းသိရသည်။

(မြို့နယ် စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့ စည်ပင်သာယာရေးအဖွဲ့ ပိုင် ပျိုးဥယျာဉ်ကို မတ် ၂၂ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံဦးဝင်းနိုင်က အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုနှင့် ပြောင်းရွှေ့မြေချ စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဝမ်းတွင်းမြို့နယ်၌ ပညာဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဝမ်းတွင်း ဧပြီ ၁၅

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းကျေးရွာ ပညာဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက် နံနက်၉ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှခိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ယာပုံ)

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရှင်သန်တိုးတက်ရေး အကြောင်းများ ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြချစ်စံတို့က စာအုပ်များ ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရွှေဘို မဟာနန္ဒာကန်၌ စုပေါင်းငါးမျိုးစိုက်ထည့်

ရွှေဘို ဧပြီ ၁၂

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရွှေဘိုမြို့ မဟာနန္ဒာကန်တွင် ရွှေဘိုငါးလုပ်ငန်းစခန်းမှ စုပေါင်းငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ ငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် တက်ရောက်လာကြသူများ စုပေါင်း၍ မဟာနန္ဒာကန်အတွင်း ရွှေဝါငါးကြင်းသားပေါက်ကောင်ရေငါးသိန်းကို ငါးမျိုးစိုက်ထည့်ကြကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဝိုင်းမော်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

ဝိုင်းမော် ဧပြီ ၁၉

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ ကျေးရွာရုံးနှင့် ကျေးရွာဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၉နာရီခွဲက အဆိုပါ ကျေးရွာရုံးအဆောက်အုံသစ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကျေးရွာရုံးကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် ကျေးရွာဥက္ကဋ္ဌဦးကျော်ငြိမ်းတို့ကလည်းကောင်း၊ ရွှေရော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဘောမ်ယိန်းတို့က လည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် မိုင်းနားကျေးရွာ စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၅၀နှင့် မြစ်ကြီးနား ဆန်ကုန်သည်ကြီးများအသင်းမှဦးချစ်နှင့် ဦးစိုင်းအေးကျော်တို့က စာအုပ်မျိုးစုံ ၂၀၀ ကျော်ကိုပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့တွင် ရေဆိုးထုတ်မြောင်းများ တူးဖော်ဆောင်ရွက်

မြစ်ကြီးနား ဧပြီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရေဆိုးထုတ်မြောင်းမကြီးများ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မတ် ၂၀ ရက်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တူးဖော်ဆောင်ရွက်

အဆိုပါလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့်၊ မြေတိုင်း(၃)ဦးစောမျိုးအောင်နှင့် ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်ရေးအတွက် ယာဉ်၊ စက်ယန္တရားကြီးများဖြင့် အကျယ် ၁၀ပေ၊ အနံ ၇ပေရှိ ရေနုတ်မြောင်းမကြီး တူးဖော်ဆောင်ရွက်ကြသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုမြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေကသွားရောက် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျိုက်လတ်မြို့နယ်တွင် နွေစပါးစိုက်ပျိုး

ကျိုက်လတ် ဧပြီ ၂၂

ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာအုပ်စု တောင်သူ ဦးအောင်သန်း ကွင်းအမှတ် ၁၁၉(ဘီ)၊ ဦးအောင်မြင့် ကွင်းအမှတ် ၁၁၉(အေ)၊ ဦးလှအောင် ကွင်းအမှတ် ၁၁၉(အေ)တို့၏ နွေစပါးအစောဆုံးစိုက်ပျိုးပြီးဧပြီလဆန်းတွင် ရိတ်သိမ်းထားသည့် စပါးခင်း နေရာများတွင် နွေစပါးသီးထပ် စိုက်ပျိုးပွဲအခမ်းအနားကို ဧပြီ ၁၄ ရက်က ပျိုးကြဲစိုက်ပျိုးပွဲ ကျင်းပသည်။

တက်ရောက်အားပေး

အဆိုပါ ပျိုးကြဲစိုက်ပျိုးရာသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့်ဝန်ထမ်းများ၊ မြို့နယ် မြေစာရင်းဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများတက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းကောင်ရေ ၂၀အောက် ရေယာဉ်ပိုင်ရှင်များအသင်းရုံးသစ်ဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် မြင်းကောင်ရေ ၂၀အောက် ရေယာဉ်ပိုင်ရှင်များအသင်း ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၁ရက် နံနက် ၁၁နာရီက မြို့နယ်ရေယာဉ်ပိုင်ရှင်အသင်းရုံးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြို့နယ်ရေယာဉ်ပိုင်ရှင်အသင်းဥက္ကဋ္ဌ ဦးနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

ဖွင့်ပွဲတွင် မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်းရုံး ဆိုင်းဘုတ်ကို မြောင်းမြခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌဦးနီက ရုံးသစ်ဖြစ်ပေါ်လာပုံ အကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မြင်းကောင်ရေ ၂၀အောက် မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်းရုံးသစ်မှာ အာစီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး တန်ဖိုးငွေကျပ် ၁၁၃သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့သည်ဟု သိရသည်။ **(၀၉၇)**

ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ဝင်များ အစိုးရအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် ဒေသနေပြည်သူများအကျိုး ထာဝရရှေးရှုသံသယစိတ်ဖြင့် စွဲကိုင်ထားသောလက်နက်များကို အပြီးအပိုင်စွန့်လွှတ်အပ်နှံ

ရန်ကုန် ဧပြီ ၂၉

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားကို ယနေ့နံနက် ၈နာရီ မိနစ်၂၀တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။ စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ခေါင်းဆောင် ဥက္ကဋ္ဌ ဦးအိုက်မုန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညီလုံးနှင့်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၉၉၁ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် မန်တုံမြို့ အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကိုအန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက လုံးဝလက်မခံ၊ ဆန့်ကျင်ကန့်ကွက်ကြောင်း သဘောထားကြေညာချက်ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်အား ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာလျက်ရှိသည်။ ယင်းသို့ ထုတ်ပြန်ကြေညာကြသောအဖွဲ့အစည်းများအနက် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကြေညာချက်အပြည့်အစုံကို တစ်ဖက်ပါအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်- (သတင်းစဉ်)

လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ညီရင်းအစ်ကိုပမာ စုပေါင်းနေထိုင်လာခဲ့ကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ ၂၀၀၅ခုနှစ်၊ ဧပြီလ(၁၇)ရက်နေ့တွင် ပြည်ပတစ်နေရာ၌ ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံ တည်ထောင်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်ကို ကြားသိရပါသည်။

၃။ အဆိုပါ ထုတ်ပြန်ကြေညာချက်သည် မြန်မာနိုင်ငံတိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်းကောင်း၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးကိုလည်းကောင်း ဖြိုခွဲသောလုပ်ရပ်ဖြစ်၍ လက်မခံနိုင်ပါ။

၄။ သို့ဖြစ်ပါ၍ ရှမ်းပြည်အစိုးရဖွဲ့စည်းပြီး ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာချက်ကို လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း ကြေညာလိုက်သည်။

ဦးယောအေးလှ
တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၉) ရက်